ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်၊ သောကြာနေ့၊ (28-11-2003) (၄၀၆၈)

ယနေ့ထုတ် စောင်ရေ ၁၉၄၈၆၅

အရိယ သစ္စာန ဒဿနံ တေံ မင်္ဂလ မုတ္တမံ။

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါး တရားတို့ကို သိမြင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်ရီတေးနီးယားနိုင်ငံ သမ္မတထံသို့ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတ မစ္စတာမာအိုယာ အုလ်(ဒ်)ဆိဒ် အာမက် တာယာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်ခိုင်မြဲမြဲစွဲကိုင် ပြည်ထောင်စုကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲရေး စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ်စောင့်ရှောက် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ ဖြစ်ထွန်းလာအောင် တိုင်းရင်းသားပြည်သူများ တက်ညီလက်ညီဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှတို့ လိုက်ပါလျက် နိုဝင်ဘာ ၂၅ရက် နံနက် ၇နာရီတွင် ချင်းပြည်နယ် တီးတိန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးနှင့် ဆရာဝန်၊ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ လူနာဆောင်၊ ဓာတ်မှန်ခန်း၊ သားဖွားဆောင်နှင့် ဆေးရုံတိုးချဲ့ဆောင် ဆောက်လုပ်ရန်နေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ရန်များကို မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် တပ်မတော်ရဟတ်ယာဉ်များဖြင့် တီးတိန်မြို့မှတစ်ဆင့် ဖလမ်းမြို့သို့ရောက်ရှိကြရာ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးမောင်တင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များနှင့် ပြည်သူများက ကြိုဆိုကြသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်က ချင်းပြည်နယ် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သဇင်ဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း သဇင်ဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✪**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၈–၁၁–၂၀၀၃
(သောကြာနေ့)

ဒေသစီးပွား ဖွံ့ဖြိုးစည်ပင်တိုးတက်စေရေး

တက်ညီလက်ညီ ဝီရိယစိုက်ထုတ်ကြိုးပမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ပြည်နယ်နှင့်တိုင်း ၁၄ခုတို့ဖြင့် ဖွဲ့စည်းဖြစ်တည်နေသည့် ပြည်ထောင်စုရိပ်မြုံကြီးဖြစ်သည်။ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးများ အားလုံးသည် နယ်မြေဒေသအသီးသီးတွင် ခွဲခြား၍မရအောင် ပေါင်းစည်းယှက်နွှယ်နေထိုင်လျက်ရှိကြသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲနေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ဖြစ်ထွန်းခိုင်မာစေရေးကို အလေးထားကြိုးပမ်းလျက်ရှိသည်။ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းအားလုံး ဟန်ချက်ညီညီမျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေး အစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ နိုဝင်ဘာလ ၂၄ ရက်နေ့က ချင်းပြည်နယ် ခရီးစဉ်အတွင်း တွန်းဇန်မြို့၊ တီးတိန်မြို့၊ ကလေး မြို့၊ ရိခေါ်ဒါရ်မြို့များသို့ သွားရောက်၍ အခြေခံပညာ အထက်တန်းကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံတို့ကိုကြည့်ရှုစစ်ဆေးပြီး ဒေသဖွံ့ဖြိုးရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ချင်းပြည်နယ် ခရီးစဉ်အတွင်း သက်ဆိုင်ရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခဲ့ရာတွင် **နိုင်ငံတော်က စီမံဖန်တီးပေးထားသော နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ စနစ်တကျ တိုးတက်ဖြစ်ထွန်းအောင်၊ ဒေသစီးပွားရေးတိုးတက်စည်ပင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်သွားကြရန်** မှာကြားခဲ့သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်နေခဲ့သည့် တိုင်းရင်းသားလူမျိုးများနေထိုင်ရာ နယ်စပ်ဒေသများကိုဖြန့်ကြက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးမြှင့်တည်ဆောက်ဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိရာ ချင်းပြည်နယ်လည်း အပါအဝင်ဖြစ်သည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးသည် အဓိကဖြစ်သည်။ ချင်းပြည်နယ်သည် ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေးတွင် အားနည်းလျက်ရှိရာ ပြည်နယ်အတွင်း မြို့နယ်အသီးသီးနှင့် မြေပြန့်ဒေသများသို့ ဆက်သွယ်သည့်လမ်းများ တိုးတက်ကောင်းမွန်လာစေရန် နိုင်ငံတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးလျက် ရှိသည်။

ဒေသအတွင်းရှိ တွန်းဇန်–တီးတိန်လမ်း၊ တွန်းဇန်–ကလေးလမ်းများ အပြင် တီးတိန်–ရိဒ်လမ်း၊ ဖလမ်း–ရိဒ်လမ်းများကိုပါ အဆင့်မြှင့်တင်ပေးလျက်ရှိသည်။ အဆိုပါလမ်းများ တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တွန်းဇန်မြို့၊ တီးတိန်မြို့များ တိုးတက်ဖွံ့ဖြိုးရေးကို ပိုမိုအကျိုးပြုလာနိုင်မည်ဖြစ်သည်။

ကလေးမြို့နှင့် ရိခေါ်ဒါရ်မြို့တို့သည် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ချင်းထိစပ်နေသည့်အပြင် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖွင့်လှစ်ဆောင်ရွက်နေသည့် ဒေသလည်းဖြစ်သည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိထားသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ရာ နှစ်နိုင်ငံအကြားနယ်စပ်မှတစ်ဆင့် ဆက်သွယ်ဆက်ဆံမှုများ ဥပဒေနှင့်ညီညွတ်ပြီး အဆင်ပြေချောမွေ့ရေး၊ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး၊ ဒေသစီးပွားတိုးတက်စည်ပင် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ဒေသ၏ ပထဝီအနေအထား၊ ရာသီဥတုအခြေအနေတို့နှင့် ကိုက်ညီ ဆီလျော်သည့် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြရမည်ဖြစ်သည်။ အထူးသဖြင့် ဈေးကွက်လည်းရှိပြီး ဒေသတွင်း၌ စိုက်ပျိုးဖြစ်ထွန်းသည့် လက်ဖက်ကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးသွားကြရန် လိုအပ်သည်။ ထို့အပြင် ဒေသနှင့်ကိုက်ညီသည့် တောင်ယာစပါး၊ ကုန်းမြင့်လယ်ယာစိုက်ပျိုးရေးနှင့် အခြားသော ဖြစ်ထွန်းနိုင်သည့် သီးနှံများကိုပါ ရွေးချယ်စိုက်ပျိုးကြရမည်ဖြစ်သည်။

ဒေသ၏စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် နွားနောက်မွေးမြူရေးနှင့် အိမ်နီးချင်းနိုင်ငံတွင် ဈေးကွက်ရှိသော အခြားမွေးမြူရေး လုပ်ငန်းများကိုလည်း လုပ်ဆောင်ကြရန်လိုအပ်သည်။ နွားနောက်မွေးမြူရေးလုပ်ငန်းသည်ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းနိုင်သည့် လုပ်ငန်းဖြစ်ရာ နိုင်ငံတော်ကအားပေးကူညီမှုများနှင့်အတူ ဒေသခံပြည်သူများက တစ်ပိုင်တစ်နိုင် မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးအထိ ကူးပြောင်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက် ရှိချိန်တွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မိမိတို့ဒေသ ဖွံ့ဖြိုးစည်ပင်စေရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေ မြင့်မားတိုးတက်လာရေးတို့အတွက် တက်ညီလက်ညီ ဝီရိယစိုက်ထုတ် ကြိုးပမ်းလုပ်ကိုင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

---

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု တစ်နေ့တာဆွမ်းဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား အမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)တွင် သီတင်းသုံးတော်မူကြသော သင်ကြားစီမံ ဆရာတော်များနှင့် စာသင်သံဃာတော်များအား တစ်နေ့တာ ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ ကျင်းပသည်။

တက်ရောက်

လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ဝန်ကြီးက ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် ဝန်ကြီးက တစ်နေ့တာဆွမ်းအလှူငွေ ကျပ် ၁၈၀၀၀၀အား ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးခိုင်အောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)** ထို့နောက် ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ဆရာတော်ထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များသည် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မော်ရီတေးနီးယားနိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် နိုဝင်ဘာ ၂၈

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကျရောက်သော မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်ထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ မိုဟာမက်ဗော(လ်)အုလ်(ဒ်)ဘဲလ်လားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၃ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်၈နာရီက အောင်ဆန်း အားကစားပြိုင်ကွင်းမိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ဖွင့်လှစ်ပေးသည်။

ယခုနှစ်ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ အသင်း၁၂သင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီးပြိုင်ပွဲကို ဒီဇင်ဘာ၂ရက် အထိ နေ့စဉ် နံနက်၉နာရီတွင် စတင်ကျင်းပမည်ဟုသိရသည်။ (ကြေးမုံ)

၂၀၀၃ ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်အားကစားပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

ဒါတွေကို သိဖို့လိုတယ်

✻ မြောက်တိုင်းလည်း မမြောက်နဲ့

✻ ခြောက်တိုင်းလည်း မကြောက်နဲ့

✻ ချော့တိုင်းလည်း မပျော့နဲ့

အီရတ်တွင် အေးချမ်းတည်ငြိမ်မှု ကင်းမဲ့နေခြင်းကြောင့် အမေရိကန်တို့အား အီရတ်ပြည်သူတို့ ဒေါသအမျက်ထွက်

အီရတ်နိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်နေသော အခြေအနေမှာ အလွန်ပင် စိုးရိမ်စရာကောင်းကြောင်း၊ အီရတ်နိုင်ငံသည် ကျူးကျော် သိမ်းပိုက်ရေးတပ်ဖွဲ့၏အောက်တွင် ကျရောက်နေသမျှကာလပတ်လုံး ယင်းနိုင်ငံ၏ အနာဂတ်မှာ အလားအလာကောင်းလိမ့်မည် မဟုတ်ကြောင်း၊ အီရတ်နိုင်ငံမှနေ၍ ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များ အမြန်ဆုံးထွက်သွားပြီး ပြည်သူလူထုလက်ဝယ်သို့ အချုပ်အခြာအာဏာပြန်လည်အပ်နှင်းမှသာ အလားအလာများ ကောင်းမွန်လာမည်ဖြစ်ကြောင်း အရှေ့အလယ်ပိုင်းဒေသမှ ခေါင်းဆောင်များက ပြောကြားခဲ့ကြသည်။ အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်

အုပ်ချုပ်ရေးအဖွဲ့ ဌာနချုပ်အနီးတွင် နိုဝင်ဘာ ၂၅ ရက်ညက ရော့ကက်ဒုံးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီးနောက် အမေရိကန်စစ်ဆေးရေးဂိတ်တစ်ဂိတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဒုံးကျည်ထိမှန်

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံတွင် မင်းမဲ့စရိုက်များဖြစ်ပေါ်မှုကို ထိထိရောက်ရောက် တားဆီးကာကွယ်နိုင်ခြင်းမရှိသဖြင့် စစ်ပြီးခေတ်လွန်ကာလ အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွင် ကုလသမဂ္ဂ၏အခန်းကဏ္ဍ လိုအပ်သည်ဟု ကမ္ဘာ့နိုင်ငံများက ရှုမြင်ကြသည်။

အီရတ်နိုင်ငံတွင် အေးချမ်းတည်ငြိမ်မှု ကင်းမဲ့နေခြင်းကြောင့် အီရတ်ပြည်သူလူထုမှာ အမေရိကန်ဦးဆောင်သော တပ်ဖွဲ့အား ဒေါသအမျက်ထွက်လျက်ရှိကြသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြို့လယ်ဒေသရှိ အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ဌာနချုပ် အဆောက်အအုံကို နိုဝင်ဘာ ၂၅ ရက်ညက အမေရိကန်ဆန့်ကျင်ရေး ခုခံရေးသမားများက ရော့ကက် ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာအနီးရှိ အဆောက်အအုံလွတ်တစ်လုံး၏ အမိုးကိုထိမှန်ခဲ့သည်။ ဒုံးကျည်ထိမှန်မှုကြောင့် ပျက်စီးခဲ့ရသော အမိုး၏တွင်းပေါက်ကို အီရတ်ကလေးငယ်တစ်ဦး ကြည့်ရှုနေစဉ်။ **(အပေါ်ပုံ)**

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးအခြေအနေ ဆိုးရွားနေသော အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်တွင် စိုးရိမ်ထိတ်လန့်စွာဖြင့် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များအား နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

လုံခြုံရေးတင်းကျပ်

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံးရှိ အယ်လ်ဆာဒီးမြို့ (ယခင်အခေါ် ဆက်ဒမ်စီးတီး)တွင် လုံခြုံရေးသံဆူးကြိုးချနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကန့်ကွက်ဆန္ဒပြ

အီရတ်နိုင်ငံတွင် ဆူပူမငြိမ်မသက်မှုများ ပေါ်ပေါက်နေရခြင်းသည် အမေရိကန်က အီရတ်နိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခြင်းမပြုမီကပင် အလျင်စလို ရေးဆွဲခဲ့သည့် အစီအစဉ်ကြောင့် ဖြစ်ရသည်ဟု မကြာသေးမီက တင်သွင်းခဲ့သော အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ကို အမြန်ဆုံးရုပ်သိမ်းပေးရန် အီရတ်တွင် ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး၏ မိသားစုဝင်တစ်ဦးက နိုဝင်ဘာ ၂၅ ရက်တွင် ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ကို သိမ်းပိုက်ခဲ့ပြီး အမေရိကန်အစိုးရ အမှားများစွာကျူးလွန်ခဲ့ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲဟောင်း ဒုဗိုလ်ချုပ်ကြီး ဂါနာဝေဖန်

ဝါရှင်တန် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က သိမ်းပိုက်မှုပြုလုပ်ခဲ့ပြီးချိန်မှစ၍ အမေရိကန်အစိုးရသည် အမှားများစွာကို ကျူးကျော်လွန်ခဲ့ကြောင်း အမေရိကန် အငြိမ်းစားဒုတိယဗိုလ်ချုပ်ကြီး ဂျေးဂါနာက ဗုဒ္ဓဟူးနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ဖယ်ရှားခံခဲ့ရ

အမေရိကန် ပြည်ထောင်စုသည် အီရတ်ပြည်သူလူထုနှင့် ပိုမို၍ထိတွေ့ဆက်ဆံမှုရှိရန် လိုအပ်ကြောင်း ဂျေးဂါနာက ပြောကြားသည်။ ဂါနာသည် အီရတ်ဆိုင်ရာ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့၏ အကြီးအကဲအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်ပြီး တစ်လပင် မပြည့်သေးသည့်ကာလတွင် အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲရာထူးမှ ဖယ်ရှားခံခဲ့ရသူဖြစ်သည်။

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့များကို ပို၍စေလွှတ်ရန် သင့်လျော်မည်ဖြစ်ကြောင်း ဂါနာက ဘီဘီစီ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

လုပ်ဆောင်သင့်

အီရတ်နိုင်ငံတွင် အမေရိကန် အုပ်ချုပ်ရေးအဖွဲ့က ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား ထောက်ပံ့ပေးနိုင်ရန် ပို၍လုပ်ဆောင်သင့်ကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်အစိုးရသည် အီရတ်နိုင်ငံတွင် အစိုးရအဖွဲ့တစ်ရပ် ထူထောင်နိုင်ရေးအတွက် ပိုမိုလျင်မြန်သွက်လက်စွာလုပ်ဆောင်သင့်ကြောင်း အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ အကြီးအကဲရာထူး၌ ခန့်အပ်ခံရပြီးနောက် အငြိမ်းစားယူခဲ့သူ ဂါနာက ပြောကြားသည်။

သွေးထိုးပေး

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့သည် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံမှု ပိုမိုကောင်းသင့်ကြောင်း၊ အီရတ်ပြည်သူလူထုနှင့် ဆက်ဆံရေး မကောင်းခြင်းကြောင့် အီရတ် ပြည်သူလူထုသည် အယ်လ်ဂျာဇီရာ ရုပ်မြင်သံကြားနှင့် အာရပ် ရုပ်မြင်သံကြားတို့ကို ပိုမိုယုံကြည်ကြကြောင်း ဂါနာက ပြောကြားသည်။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ပိုင်း ဆင်ခြေဖုံးဒေသတွင် အမေရိကန်အမှတ်(၈၂)လေကြောင်းချီတပ်မမှ တပ်ဖွဲ့ဝင်များနှင့် အီရတ်မြို့ပြ ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်လျက်ရှိရာ တောင်ကုန်းတစ်ခုပေါ်သို့ ချီတက်ဖြတ်ကျော်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်ရှိ အမေရိကန်အုပ်ချုပ်ရေးဌာနချုပ်အား ခုခံတွန်းလှန်သူများက ဒုံးကျည်များဖြင့် ပစ်ခတ်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အမေရိကန်ဦးဆောင်သည့် အုပ်ချုပ်ရေးအဖွဲ့ဌာနချုပ်အား အီရတ်ခုခံတွန်းလှန်သူများက ယမန်နေ့ညက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်သည်။

နှစ်ဦးဒဏ်ရာရ

ဒုံးကျည်တစ်စင်းမှာ အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့၏ ခြံဝင်းအနီး ဟာလာဟင်းလင်းဖြစ်နေသည့် အဆောက်အအုံ၏ ခေါင်မိုးကို ထိမှန်ပြီး အခြားဒုံးကျည်တစ်စင်းမှာ ဘတ်စ်ကားမှတ်တိုင်အနီး ကျရောက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိမှုမရှိသော်လည်း ဘဂ္ဂဒက်မြို့ ဓာတ်ဆီဆိုင်အနီးတွင် ဖြစ်ပွားသည့် ဒုံးပစ်လောင်ချာဖြင့် တိုက်ခိုက်မှုတွင် အီရတ်ရဲတပ်ဖွဲ့ဝင်နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံမှ ခုခံတွန်းလှန်သူများ၏ တိုက်ခိုက်မှုများမှာ ပို၍ရဲတင်းလာသည်။ စနေနေ့ကလည်း ဒီအိပ်ချ်အယ်ကုန်တင်လေယာဉ်တစ်စင်းမှာ မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်ထိမှန်ခံရသောကြောင့် လေယာဉ်အင်ဂျင် မီးလောင်ပြီး ဘဂ္ဂဒက်မြို့သို့ အရေးပေါ်ဆင်းသက်ခဲ့ရသည်။

အင်တာနက်။

တိုက်ခိုက်ခံရမှု လျော့နည်းသွားဟု အမေရိကန်တပ်မှူးပြောကြားသော်လည်း ဗီဒီယိုတိပ်ခွေ အထောက်အထားအရ ပိုမိုတိုက်ခိုက်ခံနေခြင်းမှာ ထင်ရှား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ကုန်တင်လေယာဉ်တစ်စင်း တိုက်ခိုက်ခံရခြင်းကို ဖော်ပြထားသည့် ဗီဒီယို တိပ်ခွေနှင့်ပတ်သက်၍ ဝါရှင်တန်ရှိ အမေရိကန်အစိုးရမှာ အမျိုးမျိုးထင်မြင်ယူဆစရာများ ဖြစ်လျက်ရှိကြောင်း သိရသည်။ ယင်းတိပ်ခွေထဲ၌ လက်နက်ကိုင် တိုက်ခိုက်ရေးအဖွဲ့တစ်ဖွဲ့၏ ပုံလည်း ပါရှိသည်။

ထွက်ပြေးလွတ်မြောက်

၎င်းတို့၏ မျက်နှာများကို မျက်နှာဖုံးစွပ်ထားကြောင်း၊ အချို့မှာ ဒုံးပစ်လောင်ချာများကို သယ်ဆောင်ထားကြကြောင်း၊ အဝေး၌ အမေရိကန် ဘလက်ဟော့ခ်ရဟတ်ယာဉ်ကို မြင်တွေ့နိုင်ပြီး လက်နက်ကိုင်တစ်ဦးက ဒုံးကျည်နှင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းနောက် ၎င်းလက်နက်ကိုင်များသည် မော်တော်ကားဖြင့် ထွက်ပြေးလွတ်မြောက်သွားကြောင်း၊ နောက်တစ်ပုံတွင် ဒုံးကျည်သည် ကုန်တင်လေယာဉ်၏ တောင်ပံတစ်ဖက်ကို ထိမှန်သွားခဲ့ကြောင်း၊ ယင်းဗီဒီယိုရုပ်ပုံများသည် ဘဂ္ဂဒက်လေဆိပ်အနီး၌ ပြီးခဲ့သည့် စနေနေ့က ဒီအိပ်ချ်အယ် ကုန်တင်လေယာဉ်ပစ်ချခံရမှု ဖြစ်နိုင်ကြောင်း သိရသည်။

အဆက်အသွယ်ရှိ

ယင်းဗီဒီယိုအခွေကို ပြင်သစ် မဂ္ဂဇင်းတစ်စောင်မှ သတင်းထောက် ဆာရာဒင်နီရယ်က ရရှိခဲ့ကြောင်း၊ ၎င်းသည် အမေရိကန်ဆန့်ကျင်ရေး လက်နက်ကိုင်များနှင့် အဆက်အသွယ် ရှိသူဖြစ်ကြောင်း သိရသည်။

လျော့နည်းသွား

မကြာမီ သီတင်းပတ်များအတွင်းကလည်း အာရပ်ဝက်ဘ်ဆိုက်များတွင် အီရတ်နိုင်ငံအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေပုံများကို တွေ့ရှိရကြောင်း၊ အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့များ တိုက်ခိုက်ခံရသည့်အကြိမ် လျော့နည်းသွားပြီဟု အမေရိကန်တပ်မှူးများက ပြောကြားနေချိန်မှာပင် ယခုကဲ့သို့ ဗီဒီယိုတိပ်ခွေပေါ်ထွက်လာခဲ့ခြင်းဖြစ်ပြီး ယင်းဗီဒီယိုတိပ်ခွေအရ အမေရိကန်တို့ ပိုမိုတိုက်ခိုက်ခံနေခြင်းမှာ ထင်ရှားကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသွားသည်။ ***စီအင်န်အင်န်။***

ဘဂ္ဂဒက်မြို့ အနောက်ဘက် ကီလိုမီတာ ၆၀ အကွာ ဖော်လူဂျာမြို့တွင် အမြောက်ကျည်ဆန်အခွံများအား အရည်ကျိုရန် အီရတ်အမျိုးသားတစ်ဦးက စုပုံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မြောက်ပိုင်း ရေနံပိုက်လိုင်း မီးလောင်

ဘိုင်ဂျီ(အီရတ်) နိုဝင်ဘာ ၂၆

အီရတ်နိုင်ငံ ဘိုင်ဂျီရေနံချက်စက်ရုံမှ မြောက်ပိုင်းဒေသသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်းသည် တနင်္လာနေ့က မီးလောင်သွားကြောင်း၊ သို့ရာတွင် ယင်းပိုက်လိုင်းသည် တူရကီနိုင်ငံသို့တင်ပို့နေသည့် အဓိက ရေနံပိုက်လိုင်းဟုတ်၊ မဟုတ် ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံ မြောက်ဖျားပိုင်းဒေသရှိ ကယ်ကွတ်ရေနံမြေများမှ ရေနံများကို ချက်လုပ်နေသည့် ဘိုင်ဂျီမြို့ မြောက်ပိုင်း ၃၂ မိုင်ခန့်အကွာရှိ ကျိုးပဲ့ပျက်စီးသွားသောရေနံပိုက်လိုင်းမှ မီးတောက်မီးလျှံများ ဝေဟင်ထက်သို့ ၂၅ ပေထိထိုးတက်သွားပြီး ထူထပ်သည့် မီးခိုးလုံးကြီးတလိပ်လိပ်ပေါ်ထွက်လာသည်။

ယင်းရေနံပိုက်လိုင်းမှာ လွန်ခဲ့သည့် လပေါင်းများစွာက ပေါက်ကွဲခဲ့ပြီး အနီးအပါးနေရာသို့ ရေနံများဖိတ်စဉ်ကာ မီးတင်ရှို့ခံရခြင်းဖြစ်နိုင်ဖွယ်ရှိကြောင်း အခင်းဖြစ်ပွားရာရှိ ရေနံဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရတ်နိုင်ငံအား စစ်ရေးအရသိမ်းပိုက်ထားမှုအား ဖီဆန်ပြီး အီရတ်နိုင်ငံ ခုခံတိုက်ခိုက်ရေးသမားများက အဖျက်အမှောင့်လုပ်ငန်းအပြင် တူရကီမြောက်ပိုင်းသို့ သွယ်တန်းထားသည့် အထင်ကရပြည်ပပို့ရေနံ ပိုက်လိုင်းအား မကြာမီလများအတွင်း ကြိမ်ဖန်များစွာ ဖောက်ခွဲဖျက်ဆီးပြီး မီးတင်ရှို့ခဲ့ကြခြင်းဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ ရှိ ညွှန်ထဲတွင် အမေရိကန်တို့ ပို၍ပို၍နစ်ဝင်နေ

လူ့အခွင့်အရေးအမည်ခံ၍ အီရတ်ပြည်သူတို့အား ဖိနှိပ်နေဟု ခါမေနီပြောကြား

တီဟီရန် နိုဝင်ဘာ ၂၆

အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံ ရွံ့ညွှန်များထဲတွင် ပို၍ပို၍ နစ်ဝင်နေကြောင်း အီရန်ခေါင်းဆောင် အလီခါမေနီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ အရှေ့အလယ်ပိုင်းနိုင်ငံများသည် အီရတ်နိုင်ငံအားသိမ်းပိုက်ထားမှုကို သည်းခံလိမ့်မည်မဟုတ်ကြောင်း ၎င်းကသတိပေးလိုက်သည်။

ထပ်တလဲလဲတိုက်တွန်း

အီရတ်နိုင်ငံ၌ အာဏာလွှဲပြောင်းမှုနှင့် လွတ်လပ်သည့် အီရတ်အစိုးရဖွဲ့စည်းရေးတို့အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အီရန်နိုင်ငံက ထပ်ကာတလဲလဲ တိုက်တွန်းထားသည်။

အတင်းအကျပ်ဖွဲ့စည်းထားသည့် အစိုးရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲများသည် အီရတ်ပြည်သူများ၏ခုခံမှုကို ရင်ဆိုင်ရမည်ကို အမေရိကန်တို့ သိထားသင့်ကြောင်း ခါမေနီက ပြောကြားသည်။

အီရတ်နိုင်ငံအတွက် ဒီမိုကရေစီထွန်းကားရေး အားဖြည့်ပေးရမည့်အစား အမေရိကန်သည် အီရတ်ပြည်သူများအား ဖိနှိပ်နေကြောင်းဖြင့်လည်း ၎င်းကပြောကြားသည်။

လူ့အခွင့်အရေး အမည်ခံ၍ အီရတ်နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် အမေရိကန်တို့သည် အီရတ်ပြည်သူများအား ဖိနှိပ်နေကြောင်း အီရန်ခေါင်းဆောင်က ပြောကြားသည်။

အင်တာနက်။

အီရတ်နိုင်ငံ၏ အနာဂတ်ရေး အထောက်အကူပြုရန် ကုလသမဂ္ဂမိတ်ဆွေများအဖွဲ့ ကိုဖီအာနန် ဖွဲ့စည်း

ကုလသမဂ္ဂ နိုဝင်ဘာ ၂၆

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က အီရတ်နိုင်ငံ၏ အနာဂတ်အရေးကို စဉ်းစားရန် ကုလသမဂ္ဂမိတ်ဆွေများအဖွဲ့ကို ထူထောင်လိုက်သည်။ ထိုအဖွဲ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံ၊ အီရတ်၏ အိမ်နီးနားချင်းနိုင်ငံ ခြောက်နိုင်ငံနှင့် အီဂျစ်နိုင်ငံတို့ ပါဝင်ကြသည်ဆို၏။

ထည့်သွင်းဖွဲ့စည်းထား

ထိုအဖွဲ့သစ်တွင် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော နိုင်ငံလေးနိုင်ငံတို့ကိုလည်း ထည့်သွင်းဖွဲ့စည်းထားသည်။ ထိုအဖွဲ့၏ ပထမဆုံးသော အစည်းအဝေးကို လာမည့်ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပနိုင်လိမ့်မည်ဟု ကိုဖီအာနန်က မျှော်မှန်းထားသည်။

ယခုအခါ ကုလသမဂ္ဂ ဝန်ထမ်းများသည် အီရတ်နိုင်ငံပြင်ပတွင်သာ နေထိုင်လုပ်ကိုင်လျက်ရှိကြသည်။ ထိုအခြေအနေတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်သည် အီရတ်နိုင်ငံရေးအတွက် အလွန်တန်ဖိုးရှိသော ခြေလှမ်းတစ်ရပ်ကို လုပ်ဆောင်လိုက်ခြင်းပင်ဖြစ်သည်ဟု ဆိုသည်။ ထိုကုလသမဂ္ဂ မိတ်ဆွေများအဖွဲ့သည် အီရတ်နိုင်ငံ တည်ငြိမ်ရေးဖြစ်စဉ်အတွင်း နိုင်ငံရေးအရ အထောက်အကူပြု လမ်းညွှန်ပေးမည့် အဖွဲ့ဖြစ်သည်။

ကျွန်ုပ်တို့အတွက် အရေးကြီးဆုံးသော ကိစ္စသည် အီရတ်နိုင်ငံ တည်ငြိမ်ရေးအတွက် နိုင်ငံတကာက လက်ခံနိုင်သော သဘောတူညီချက်တစ်ရပ်ကို ရှာဖွေခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့အနေဖြင့် ထိုကိစ္စတွင် ပါဝင်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် နားလည်လက်ခံမှုကို မရရှိနိုင်ဘဲနှင့် အီရတ်အရေးကိစ္စကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ဟု ကိုဖီအာနန်က အဘူဒါဘီရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။

ဂျွန်နီဂရိုပွန်တီသည် အမေရိကန်ပြည်ထောင်စု၏ ကုလသမဂ္ဂ သံတမန်ကိုယ်စားလှယ်ဖြစ်သည်။

၎င်းက ကိုဖီအာနန်၏ အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် မိမိတို့ကို ဖိတ်ကြားလာလျှင် ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသွားသည်။

အမေရိကန် ဗိုလ်ချုပ်ကြီး ဂျွန်အဘီဇိတ်သည် အမေရိကန် ဗဟိုကွပ်ကဲမှုဌာန၏ အကြီးအကဲဖြစ်သည်။ ၎င်းက မိမိတို့အနေဖြင့် အီရတ်တွင် တိုက်ခိုက်ရေးသမားများက မိမိတို့၏ အမေရိကန်များအပေါ် ထိုးနှက်မှု နှုန်းထားကို ထက်ဝက်ကျသွားအောင် စစ်ဆင်ရေးများ တိုးမြှင့်ဆောင်ရွက်နေပါသည်ဟု အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၄၃၄ဦးရှိသွားပြီ

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

အမေရိကန်က အီရတ်နိုင်ငံအား စစ်ရေးအရ စတင်တိုက်ခိုက်ပြီးသည့်နောက် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေမှာ နိုဝင်ဘာ ၂၆ ရက်နေ့ အထိ ၄၃၄ ဦးရှိသွားပြီ ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းသေဆုံးသူများတွင် ၂၉၈ဦး မှာ ရန်လိုတိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၃၆ဦးမှာ တိုက်ခိုက်မှုမဟုတ်သည့်အခြားသောကိစ္စများကြောင့် သေဆုံးသူများဖြစ်ကြောင်း ၎င်းဌာနက ဆက်လက်ပြောကြားသည်။

ဗြိတိသျှ စစ်ဘက်က တပ်ဖွဲ့ဝင် ၅၂ဦး သေဆုံးကြောင်း ဖော်ပြပြီး အီတလီက ၁၇ဦး၊ ဒိန်းမတ်၊ စပိန်၊ ယူကရိန်းနှင့် ပိုလန်က တစ်ဦးစီသေဆုံးကြောင်း ဖော်ပြသည်။

အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်က အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်ပြီဟု မေလ ၁ ရက်က ကြေညာခဲ့ရာ ၎င်းနောက်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့ဝင် ၂၉၆ဦး သေဆုံးခဲ့ပြီး ၁၈၄ဦးမှာ ရန်လိုတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ကာ ၁၁၂ဦးမှာ ရန်လိုတိုက်ခိုက်မှုမဟုတ်သည့် အခြားသောအကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းဌာနက ထုတ်ဖော်ပြောကြားသည်။

အီရတ်နိုင်ငံအား စစ်ရေးအရစတင်ဝင်ရောက် တိုက်ခိုက်ခဲ့ပြီးနောက် ထိခိုက်ဒဏ်ရာရရှိသည့် အမေရိကန်တပ်ဖွဲ့ဝင်များမှာ ၂၀၉၄ဦးရှိပြီး ၎င်းတို့သည် ရန်လိုတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခြင်းဖြစ်ကြောင်း၊ ရန်လိုတိုက်ခိုက်မှုမဟုတ်ဘဲ ဒဏ်ရာရရှိသူတပ်ဖွဲ့ဝင်ဦးရေမှာ ၃၅၀ရှိပြီ ဖြစ်ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ဖော်ပြသည်။

အင်တာနက်။

ဆန္ဒပြ

နိုဝင်ဘာ ၂၄ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင်ပြုလုပ်သည့် အီရတ်နိုင်ငံသားများက အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲ၌ အီရတ်နိုင်ငံသည် အီရတ်နိုင်ငံသားများအတွက်ဖြစ်သည်ဟူသော စာတန်းကို ကိုင်ဆောင်ကာ ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံတကာ သတင်းများ

အီရတ်စစ်ပွဲမှရရှိသော အတွေ့အကြုံများအရ ဆီးရီးယားကို အမေရိကန်တိုက်ရန် နောက်တွန့်သွား

ဒမတ်စကတ် နိုဝင်ဘာ ၂၆

အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲမှရရှိသော အတွေ့အကြုံများအရ ဆီးရီးယားနိုင်ငံကို စစ်ရေးအရ တိုက်ခိုက်ရန် နောက်တွန့်သွားမည်ဖြစ်ကြောင်း ဆီးရီးယားဝန်ကြီးချုပ် မိုဟာမက်နာဂျီအောက်ထရီက ယနေ့ ပြောကြားလိုက်သည်။

ခါးသည်းသောအတွေ့အကြုံ

အီရတ်နိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော ပကတိအခြေအနေများအရ အီရတ်နိုင်ငံမှရရှိသော အတွေ့အကြုံသည် အမေရိကန်ပြည်ထောင်စုအတွက် ခါးသီးသောအတွေ့အကြုံဖြစ်ပြီး အခြားနိုင်ငံတစ်နိုင်ငံကို ထပ်မံစစ်ဆင်နွှဲရန် စစ်ကြေညာခြင်း မပြုမီမှာ အီရတ်နိုင်ငံမှ အမြန်ဆုံးတပ်ဖွဲ့ရုပ်သိမ်းရမည်ဖြစ်ကြောင်း အီဂျစ်နိုင်ငံတွင် ထုတ်ဝေသော အယ်လ်မူဆာဝါ သတင်းစာ၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ဆီးရီးယားဝန်ကြီးချုပ်က ပြောကြားသည်။

ထင်သလိုဖြစ်မလာ

အီရတ်နိုင်ငံတွင် အမေရိကန်တို့ အောင်ပွဲရရှိကာ အခက်အခဲများမရှိဘဲ စစ်ရေးအရ အောင်မြင်မှုများရရှိမည်ဆိုပါက အမေရိကန်အစိုးရသည် အထူးသဖြင့် သမ္မတရွေးကောက်ပွဲ ကျင်းပမည့်ကာလ နီးကပ်လာချိန်တွင် ၎င်း၏ ရည်မှန်းချက်သစ်တစ်ရပ်အဖြစ် ဆီးရီးယားနိုင်ငံကို တိုက်ခိုက်လာနိုင်ကြောင်း၊ သို့ရာတွင် ၎င်းတို့ထင်သလို ဖြစ်မလာကြောင်း ဆီးရီးယားဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ပြည်ပကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်

အီရတ်နိုင်ငံတွင် အမေရိကန်၏ စစ်ရေးတည်ရှိနေမှုကို ထောက်ခံသော ရပ်တည်ချက်တစ်ရပ်ကို ဆီးရီးယားနိုင်ငံက ကျင့်သုံးရန် အမေရိကန်ပြည်ထောင်စုက လိုလားကြောင်း၊ သို့ရာတွင် ယင်းအချက်မှာ မိမိတို့၏ အမျိုးသားရေးအခြေခံမှုများနှင့် ဆန့်ကျင်ဖီလာဖြစ်သဖြင့် ဖြစ်နိုင်ခြေမရှိကြောင်း ၎င်းကပြောကြားသည်။ အီရတ်နိုင်ငံတွင် ခုခံတိုက်ခိုက်မှုများကို ပြုလုပ်နေသူများမှာ ပြည်ပကျူးကျော်သိမ်းပိုက်မှုကို ဆန့်ကျင်သည့် အီရတ်လူမျိုး အရပ်သားများဖြစ်ကြောင်းဖြင့် ၎င်းကပြောကြားသည်။

အင်တာနက်။



အမေရိကန်ခန့်အပ်သော အီရတ်အုပ်ချုပ်ရေးကောင်စီက အီရတ်နိုင်ငံအတွင်း အယ်လ်အာရေးဗျ ရုပ်မြင်သံကြားဌာန၏ သတင်းရယူမှုများကို ပိတ်ပင်လိုက်ခြင်းသည် ဒီမိုကရေစီမဆန်သည့် လုပ်ရပ်ဖြစ်သည်။ အယ်လ်အာရေးဗျရုပ်မြင်သံကြားဌာနအဆောက်အအုံကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြိုးခြံချောတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ဗဟန်းမြို့နယ် မဟာအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် ဒီဇင်ဘာ ၂ ရက်(အင်္ဂါနေ့) နံနက် ၅ နာရီ၌ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီတွင် မဟာပဋ္ဌာန်းအောင်ပွဲ ရေစက်ချအခမ်းအနား ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

နယ်စပ်မှတ်တမ်း

ကချင်အထူးဒေသ(၁)၊ ကချင်အထူးဒေသ(၂)

မြင့်စိုး(နတလ)

မြန်မာပြည် မြောက်ဖျားဆီက သွေးချင်းများ

- ဗကပ(၁၀၁) စစ်ဒေသ၊ NDA၊ ကချင်အထူးဒေသ(၁)၊ ပန်ဝါ
- ကေအိုင်အို၊ ကချင်အထူးဒေသ(၂)၊ လိုင်စင်

ဤအမည်ကလေးများသည် သူတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးနှင့် ဆက်စပ်နေသည်။ သူတို့၏ ဝတ်စားဆင်ယင်မှုနှင့် ဘာသာစကား ကွဲပြားကောင်း ကွဲပြားမည်။ သူတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ အနည်းငယ် ခြားနားကောင်း ခြားနားမည်။ သူတို့၏ လူမျိုးစုအမည်နှင့် နေထိုင်ရာဒေသများမှာလည်း တူညီချင်မှ တူညီမည်။ သို့သော် ခြွင်းချက်မရှိ လက်ခံရမည်မှာ သူတို့အားလုံး ကချင်တိုင်းရင်းသားများ ဖြစ်ကြသည်ဆိုခြင်းကိုပင်။

အကြောင်းဆက်နွှယ်၍ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မလိခရိပ်သာ မြက်ခင်းပြင်တွင် ကျင်းပသော ကချင်ရိုးရာ အင်လုံအင်နန် ကောက်သစ်ညစာစားပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် မိန့်ကြားသွားခဲ့သည့် အောက်ပါအမှာစကားများကို ပြက်ပြက်ထင်ထင် အမှတ်ရမိသည်။

- **ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မြန်မာလူမျိုးများရယ်ဟု ပေါင်းစပ်ဖြစ်တည်နေသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများသည် ပြည်ထောင်စုကြီးအတွင်း နှစ်ပေါင်းထောင်ချီသော သမိုင်းစဉ်တစ်လျှောက် အေးအတူပူအမျှ ပေါင်းစည်းယှက်နွှယ် မှီတင်းနေထိုင်ခဲ့ကြသည့်အလျောက် တစ်အူထုံ့ဆင်း ညီနောင်ရင်းများကဲ့သို့ ကံကြမ္မာချင်းသည်လည်း ခွဲခြား၍မရနိုင်အောင် ဆက်စပ်ရောယှက်လျက်ရှိသည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။**
- **ဂျိမ်းဖော၊ မရူ၊ ရဝမ်၊ လီဆူ၊ လာချိတ်၊ အဇီးဆိုသည့် ကချင်တိုင်းရင်းနွယ်ဖွားထဲမှ လူမျိုးစုတစ်ခုခုကို ဖယ်ထုတ်မည် စဉ်းစားလိုက်လျှင် ကချင်လူမျိုးဆိုသည့် ဝေါဟာရသည် အဓိပ္ပာယ်ပြည့်စုံမှာ မဟုတ်တော့သကဲ့သို့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် တိုင်းရင်းသားမျိုးနွယ်စုတစ်ခုခု၏ အကျိုးစီးပွားကို နစ်နာအောင်လုပ်လျှင် ပြည်ထောင်စုကြီးအတွက် အကျိုးစီးပွား ဆုတ်ယုတ်မည်။ မြန်မာတစ်မျိုးသားလုံးအတွက် အကျိုးစီးပွား ထိခိုက်စေမည်ဖြစ်ကြောင်း။**

ဗကပ(၁၀၁) စစ်ဒေသမှ ကချင်အထူးဒေသ(၁)သို့

ဦးစခုန်တိန်ယိန်း ခေါင်းဆောင်သော အဖွဲ့သည် ၁၉၆၉ ခုနှစ်တွင် ကေအိုင်အေ တပ်မဟာ(၂)နှင့် သဘောထားကွဲလွဲကာ ခွဲထွက်ခဲ့ကြသည်။ ကေအိုင်အေအခက် ဗကပအချက် ဖြစ်သွားခဲ့၏။ ရိုက်စား၊ ကောက်စား၊ သွေးထိုး၊ သပ်လျှိုလုပ်တတ်သော ဗကပ၏ဉာဉ်အတိုင်း ဦးစခုန်တိန်ယိန်း၏ အဖွဲ့အား စည်းရုံးသိမ်းသွင်း လက်နက်တပ်ဆင်ပေးကာ ဗကပတပ်ရင်း (၁၀၁)အဖြစ် ဖွဲ့စည်းလိုက်သည်။ ၁၉၇၉ ခုနှစ် ဩဂုတ်လမှစတင်၍ ဗကပ တပ်ရင်း(၁၀၁)ကို ဗကပ (၁၀၁) စစ်ဒေသအဖြစ် ပြောင်းလဲဖွဲ့စည်းပြီး ကန်ပိုက်တီးဒေသတစ်ဝိုက် အခြေပြု လှုပ်ရှားစေခဲ့သည်။

ဗကပနှင့် ဆက်နွှယ်ခဲ့သော ဤအကျိုးဆက်က ၁၉၈၉ ခုနှစ် ငြိမ်းချမ်းရေး တည်ဆောက်ချိန်၌ အဖုအထစ်များ ဖြစ်ပေါ်စေခဲ့သည်။ ကိုးကန့်၊ "ဝ"၊ ရှမ်း၊ အခါ တိုင်းရင်းသားများ ခွဲထွက်တော်လှန်မှုကြောင့် ပြိုကွဲသွားသော ဗကပဗဟိုသည် ပန်ဝါ၊ ကန်ပိုက်တီးဒေသ၌ လာရောက်ခိုအောင်းသည်။ ဗကပ နိုင်ငံရေးဦးဆောင်မှုအဖွဲ့တွင် ဦးစခုန်တိန်ယိန်းကို နေရာပေး၍ ပန်ဝါဒေသအား ဗကပဗဟိုနယ်မြေအဖြစ် သတ်မှတ်လှုပ်ရှားရန် ကြံရွယ်ခဲ့ကြသည်။ လက်မခံခဲ့ပေ။

ပြောင်းလဲသွားပြီဖြစ်သော အခြေအနေ အချိန်အခါနှင့် လျော်ညီစွာ ၁၉၈၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် တပ်ဖွဲ့တွင်း ညှိနှိုင်းဆွေးနွေးပြီးနောက် ဗကပဗဟိုအား အဆက်အသွယ်ဖြတ်တောက်ရန်၊ ဗကပ၏ အခြေခံနိုင်ငံရေးလမ်းစဉ်ဖြစ်သော စစ်အောင်နိုင်ရေး၊ အာဏာသိမ်းရေးလမ်းစဉ်ကို စွန့်လွှတ်ရန်၊ ကိုးကန့်၊ "ဝ"၊ ရှမ်း၊ အခါ တိုင်းရင်းသားများကဲ့သို့ နိုင်ငံတော်အစိုးရနှင့် ဆက်သွယ်၍ ငြိမ်းချမ်းရေးတည်ဆောက်ရယူရန် ဆုံးဖြတ်ခဲ့ကြသည်။ ယင်းဆုံးဖြတ်ချက်အရ ဗကပ(၁၀၁) စစ်ဒေသ၊ တပ်ရင်း(၁၀၁)ကို NDA ဟု ပြောင်းလဲခေါ်ဝေါ်ကြ၏။ ဆက်လက်၍ NDA နယ်မြေအတွင်း ရောက်ရှိနေကြသော ဗကပလက်ကျန်များ၊ DPA၊ ABSDF အဖွဲ့များကို ရှင်းထုတ်သည်။

တပ်မတော်အစိုးရ ကိုယ်စားလှယ်များ၊ တပ်မတော်ထောက်လှမ်းရေးမှ တာဝန်ရှိသူများနှင့် အဆင့်ဆင့်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်အပြီး NDA အဖွဲ့သည် ၁၉၈၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့၌ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ နိုင်ငံတော်အစိုးရကလည်း ဆဒုံး-ကန်ပိုက်တီးလမ်း၊ နဇွန်ဘော်-လောခေါင်လမ်း၊ မြစ်ကြီးနား-ကန်ပိုက်တီးလမ်း၊ မြစ်ကြီးနား-ဝိုင်းမော်-ချီဖွေ-လောခေါင်-နဇွန်ဘော်-ဖီမော်လမ်း၊ ချီဖွေ-ပန်ဝါလမ်းများကို ပြုပြင်ဖောက်လုပ်ပေးခဲ့သည်။ ဝိုင်းမော်၊ ချီဖွေ၊ ဆော့လော် မြို့နယ်များအတွင်း ပြန့်ကျဲနေသော ကျေးရွာဟောင်းများကို စုစည်း၍ ရွာသစ် ၁၄ ရွာတည်ပေးခဲ့သည်။ ဆက်လက်၍ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများ ဖွင့်လှစ်ခဲ့သည်။

ကချင်အထူးဒေသ(၁)အတွင်း နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် တံတားကြီးနှစ်ခု၊ တံတားငယ်သုံးခု၊ ကြိုးတံတားရှစ်ခု တည်ဆောက်ပေးခဲ့သည်။ ပန်ဝါတွင် အထကကျောင်း၊ နဇွန်ဘော်၊ ကန်ပိုက်တီး၊ ဝေါခြုံတို့တွင် အလက ကျောင်းများ ဖွင့်ထားပြီး အမက ၃၃ ကျောင်း ဖွင့်ပေးခဲ့သည်။ နဇွန်ဘော်၊ ချီဖွေ၊ ဆော့လော်၊ ဆဒုံးတို့တွင် ဆေးရုံများဖွင့်လှစ်ပေးပြီး ဆေးပေးခန်း ၁၃ ခု ရှိသည်။ စိုက်ပျိုးရေးရုံး နှစ်ရုံး၊ စိုက်ပျိုးရေးစခန်း လေးခု၊ စာတိုက် နှစ်ခု၊ ကြေးနန်းရုံး လေးရုံး၊ တယ်လီဖုန်းလုပ်ငန်း လေးခု ဖွင့်ပေးခဲ့သည်။ ချီဖွေ၊ ကန်ပိုက်တီး၊ ဆော့လော်၊ ဆဒုံးနှင့် ပန်ဝါတို့တွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ထုတ်လွှင့် ပြသပေးခဲ့သည်။ အတိတ်ကာလက ပန်ဝါ ကျေးရွာငယ်။ ယခု မြို့ပြစည်ပင်မှု တစ်နှစ်ထက်တစ်နှစ် ဖွံ့ဖြိုးတိုးတက်နေသော ပန်ဝါမြို့ ဖြစ်ခဲ့ပြီ။

ကချင်အထူးဒေသ(၂)

NDA အဖွဲ့ ငြိမ်းချမ်းရေး တည်ဆောက်နေချိန်အတွင်းမှာပင် ဦးစခုန်တိန်ယိန်း၏ ဆုံးဖြတ်ချက် မှန်ကန်ကြောင်း ကေအိုင်အိုအနေဖြင့် လက်ခံထားပြီးဖြစ်သည်။ ဤသည်မှာ ကချင်ပြည်နယ်ကြီးတစ်ခုလုံး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးတည်ဆောက် ရယူရန်မှတစ်ပါး အခြားမရှိဆိုသည်ကို ကချင်တိုင်းရင်းသားအားလုံးက စွဲမြဲစွာ ယုံကြည်လက်ခံသည့် သဘောပင်။ ကေအိုင်အိုအဖွဲ့နှင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် တစ်ကြိမ်၊ ၁၉၈၀ ပြည့်နှစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ အစိုးရလက်ထက်တွင် တစ်ကြိမ် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ခဲ့ဖူးသည်။ အောင်မြင်မှုမရခဲ့ပေ။

လက်ရှိ တပ်မတော်အစိုးရလက်ထက် ငြိမ်းချမ်းရေးအတွက် ဆက်သွယ်ဆောင်ရွက်မှုများကို ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းတွင် စတင်ခဲ့သည်။ ငြိမ်းချမ်းရေး ရယူတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ အပြန်အလှန် စာနာနားလည်မှုတို့ကို ထင်ရှားသိသာစေသော ဖြစ်စဉ်သာဓက များစွာရှိလေရာ ကေအိုင်အိုနှင့် တွေ့ဆုံဆွေးနွေးမှုသည် တစ်ခုအပါအဝင်ဖြစ်သည်။ တစ်နည်းအားဖြင့် ငြိမ်းချမ်းရေး၏ သိမ်မွေ့နက်နဲခက်ခဲမှုတို့ ပြွမ်းတီးနေသော သဏ္ဌာန်များ။

၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ကြူကုတ်(ပန်ဆိုင်း)၌ ပဏာမတွေ့ဆုံအပြီး လားရှိုးမြို့၌ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ပထမအကြိမ်၊ မြစ်ကြီးနားမြို့၌ ၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဒုတိယအကြိမ်၊ ၁၉၉၃ ခုနှစ် မတ်လ ၆ ရက်နေ့တွင် တတိယအကြိမ်၊ ၁၉၉၃ ခုနှစ် ဧပြီလ ၅ ရက်နေ့မှ ၈ ရက်နေ့အထိ စတုတ္ထအကြိမ်၊ ၁၉၉၃ ခုနှစ် မေလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပဉ္စမအကြိမ်၊ ၁၉၉၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ဆဋ္ဌမအကြိမ်၊ ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် သတ္တမအကြိမ် တွေ့ဆုံခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများ အောင်မြင်စွာ ပြီးဆုံး၏။

၁၉၉၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသည်။ ငြိမ်းချမ်းရေး အခမ်းအနားအား ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ကျင်းပပြုလုပ်ခဲ့သည်။ ယင်းအခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နဝတ အတွင်းရေးမှူး(၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ်) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်၍ အမှာစကားပြောကြားရာ၌ အောက်ပါအချက်များကို ထည့်သွင်းမိန့်ကြားခဲ့သည်။

- **အိမ်ထောင်စုတစ်ခုတွင်ပင် ညီအစ်ကိုမောင်နှမများ သဘောထားမတိုက်ဆိုင်ဘဲ အဆင်မပြေမှုများ ဖြစ်တတ်ကြောင်း၊ ထိုအဆင်မပြေမှုများမှာ အခိုက်အတန့်သဘောသာဖြစ်၍ တစ်သက်တာ ပဋိပက္ခများမဟုတ်ကြောင်း၊ ယခုအချိန်တွင် တိုင်းရင်းသားအချင်းချင်း ပြန်လည်စည်းလုံးညီညွတ်ပြီး သင့်မြတ်ချိန်တန်ပြီဟု ခံယူထားကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း။**
- **ကေအိုင်အိုအဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်အစိုးရ၏ ဖိတ်ခေါ်ချက်ကို ကြိုဆိုလက်ခံပြီး ရိုးသားဖြောင့်မတ်စွာ အပြန်အလှန်နားလည်မှုရှိရှိဖြင့် လာရောက်ဆွေးနွေး ညှိနှိုင်းခဲ့သည့်အတွက် ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် သဘောတူညီချက်များရရှိပြီး ငြိမ်းချမ်းရေး ရရှိခဲ့ခြင်းဖြစ်ကြောင်း။**
- **ကချင်ပြည်နယ်သည် နှစ်ပေါင်း ၂၀ ကျော်ကြာ ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့သော်လည်း နိုင်ငံတော် အစိုးရ၏ ပံ့ပိုးမှု၊ ကချင်ပြည်နယ်သူ၊ ပြည်နယ်သားများ၏ ကြိုးပမ်းမှု၊ ကေအိုင်အိုအဖွဲ့အစည်း၏ အားထုတ်မှုများ ပေါင်းစပ်လိုက်ပါက ကချင်ပြည်နယ်ကြီး တစ်ရှိန်ထိုး ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲမသွေ ဖြစ်ကြောင်း။**

ကချင်အထူးဒေသ(၂) နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ

ထိုအချိန်မှစ၍ ကချင်ပြည်နယ်ကြီးတစ်ခုလုံး ငြိမ်းချမ်းခဲ့သည်။ ကချင်အထူးဒေသ(၂) နယ်မြေတွင် လမ်းဟောင်းများ ပြုပြင်ခြင်း၊ လမ်းသစ်များ ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့ရာ နမ့်ခမ်း-ဗန်းမော်လမ်း၊ မြစ်ကြီးနား-တနိုင်း-နန်းယွန်း-ပန်ဆောင်လမ်း၊ ဟိုပင်-ကုန်းသာ-လုံးတုံ-ညောင်ပင်လမ်း၊ မိုးကောင်း-ကာမိုင်း-လုံးခင်းလမ်း၊ ဝွေထော်-အရဲဇွတ်-ထိန်နန်လမ်း၊ ဗန်းမော်-ရွှေကူလမ်း၊ တနိုင်း-မိုင်းခွန်-နန်ဖြူလမ်း၊ ခေါင်လန်ဖူး-မချမ်းဘောလမ်း၊ ထရုံ-ဒိုက်ဖားလမ်းတို့ ပါဝင်သည်။ ၎င်းလမ်းများပေါ်တွင် တံတားကြီး၊ တံတားငယ်များ တည်ဆောက်ပေးခဲ့သည်။

ဒေါ့ဖုန်းယန်၊ ဒွန်ဘန်၊ မခွယ်၊ မိုင်းခေါင်တို့၌ အလကကျောင်းများ ဖွင့်ထားပြီး အမက ၃၇ ကျောင်းရှိသည်။ ကန်တော်ယန်၊ ဒေါ့ဖုန်းယန်၊ ကိုက်ထိပ်၊ မိုင်းခေါင်တို့တွင် ဆေးရုံများ ဖွင့်လှစ်ပေး၍ ဆေးပေးခန်း ၃၃ ခု ဖွင့်လှစ်ပေးပြီးဖြစ်သည်။ မြို့၊ ရွာပေါင်း ၁၂ ခုကို လျှပ်စစ်ဓာတ်အားပေး၍ မီးလင်းစေခဲ့သည်။ စာတိုက်တစ်ခု၊ ကြေးနန်းရုံးတစ်ရုံး၊ တယ်လီဖုန်းလုပ်ငန်း နှစ်ခု၊ စိုက်ပျိုးရေးစခန်းသုံးခု ဖွင့်လှစ်ထားပြီးဖြစ်သည်။ တနိုင်း၊ လုံးတုံ၊ ဆွန်ပရာဘွမ်၊ မြို့သစ်၊ နောင်မွန်း၊ မချမ်းဘော၊ ကာမိုင်း၊ လွယ်ဂျယ်တို့၌ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ တည်ဆောက်ထုတ်လွှင့်ပေးခဲ့သည်။

မေခ၊ မလိခ သက်သေတည်

- **ရောဝတီမြစ်ဖျားအစ၊ မေခနှင့် မလိခတို့ ပေါင်းစည်းရာ သွေးချင်းတို့ဌာနီ။**
- **မြစ်ဆုံ၏ အလှ၊ ဖုန်ကန်ရာဇီ ရေခဲတောင်အလှများကြောင့် ဂုဏ်ဝင့်ခဲ့၏။**
- **ဆွတ်၊ ဂျူ၊ ပဒန်၊ ကွမ်ရန်နှင့် ရှုဒစ်ဖော့ မနောပွဲတော်များကြောင့် ထင်ရှားခဲ့သည်။**
- **မေခနှင့် မလိခတို့၏ သစ္စာတရားကြောင့် မြစ်မင်းဧရာသည် ခရီးဦးအစမှ အဆုံးထိ သာယာဖြောင့်ဖြူးစွာ စီးဆင်းနိုင်ခဲ့သည်။**
- **ခိုင်မြဲသော သစ္စာတရားဖြင့် နိုင်ငံတော်၏ အကျိုး၊ ကချင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဝိုင်းဝန်း လက်တွဲကြိုးပမ်းကြပါစို့။ ။**

ရေဦးမြို့ အထက(၁) ကျောင်းသူ၊ ကျောင်းသားများ (၁၁)ကြိမ်မြောက် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရေဦးမြို့ အထက(၁)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား သက်ပြည့် ဆရာ၊ ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဦးအထက(၁) ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ရန်ကုန်မြို့မှ ဦးကိုကိုကြီး ဖုန်း ၀၁-၅၀၁၇၁၁၊ ဦးသန်းနွဲ့ ဖုန်း ၀၁-၆၆၁၇၂၆၊ ဦးခင်မောင်ဌေး ဖုန်း ၀၁-၅၂၆၇၉၁၊ ဦးကံကြီးမောင် ဖုန်း ၀၁-၂၉၇၉၁၆၊ ဦးဘအုပ် ဖုန်း ၀၁-၇၀၃၃၄၁၊ မန္တလေးမြို့ ဦးမောင်မောင် ဖုန်း ၀၂-၃၄၄၁၆ နှင့် ဦးကျော်ဝင်း ဖုန်း ၀၂-၅၄၁၇၈ တို့သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာပြည်သား မဂ္ဂဇင်းထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

အမှတ်(၃၅/ဘီ) တက္ကသိုလ်ရိပ်မွန်အိမ်ရာ စိမ်းလဲ့ရိပ်သာလမ်းသွယ် တက္ကသိုလ်ရိပ်သာလမ်းသစ် ဗဟန်း ရန်ကုန်မြို့က မြန်မာပြည်သား မဂ္ဂဇင်း နိုဝင်ဘာလထုတ်ကို တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(ဝဲပုံ)** (က-ပ)

ရွှေမင်းဝင်ဝိပဿနာ ကိုးရက်တရားစခန်း

ရန်ကုန် နိုဝင်ဘာ ၂၇

တောင်ငူမြို့ ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာအလုပ်ပေးတရားစခန်း၏ ပဓာန နာယကဆရာတော် အရှင်အာဒိစ္စရံသိ (စာရေးဆရာဆန်းလွင်) တစ်နှစ်ပြည့် ပူဇော်ပွဲနှင့် နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ ၄ ရက်ထိ ကိုးရက် တရားအားထုတ်ပွဲ ပြုလုပ်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများ ဦးမြင့်ရွှေ ၀၅၄-၂၁၇၀၇ နှင့် ဦးတင့်လွင် ၀၅၄-၂၁၅၅၀ တို့သို့ ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရောဝတီ၊ ကျောက်ဖယား၊ မဲခေါင် စီးပွားရေးမဟာဗျူဟာ

လှထွန်း(တွံတေး)

ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်း လေးနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်ရေး ထိပ်သီးအစည်းအဝေးကို မကြာမီက အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ခြင်းဖြစ်သည်။ ထိပ်သီးအစည်းအဝေးသို့ လေးနိုင်ငံမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

ဤထိပ်သီးအစည်းအဝေး ကျင်းပရန် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်က အဆိုပြုခဲ့ခြင်းဖြစ်သည်။ ၂၀၀၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့က အာဆီယံခေါင်းဆောင်များ၏ ကူးစက်မြန်ပြင်းထန် အဆုတ်ရောင်(နမိုးနီးယား)ရောဂါဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စတင်ကျင်းပစဉ်ဖြစ်သည်။

ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးစဉ်းစားမည့် ဘာသာရပ်များအပေါ် ကြိုတင်ဆွေးနွေးညှိနှိုင်းရန် လေးနိုင်ငံ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ၁၅-၇-၂၀၀၃ နေ့ က လာအိုနိုင်ငံ ဗီယန်ရှင်းမြို့တွင်လည်းကောင်း၊ ဝန်ကြီးအဆင့် အစည်းဝေးကို ၁-၈-၂၀၀၃ နေ့က ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်လည်းကောင်း အသီးသီး ကျင်းပခဲ့သည်။

ထိပ်သီးအစည်းအဝေး မကျင်းပမီ ဒုတိယအကြိမ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဝန်ကြီးအဆင့် အစည်းအဝေးကို ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် သီးခြားစီကျင်းပခဲ့သည်။

လေးနိုင်ငံ ထိပ်သီးအစည်းအဝေးကိုမူ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့မှ ၂ ရက်နေ့အထိ မန္တလေးတိုင်း ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် ကျင်းပခဲ့သည်။

ဤအစည်းအဝေးသည် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့၏ စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှု မဟာဗျူဟာဆိုင်ရာ ပထမအကြိမ် ထိပ်သီးအစည်းအဝေး ဖြစ်ပေသည်။ အစည်းအဝေးကို ပထမ မြန်မာနိုင်ငံတော်၏ မြို့တော်လည်းဖြစ်၊ မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အမွေအနှစ်လည်းဖြစ်သည့် ပုဂံမြို့ကို ရွေးချယ်ကျင်းပခြင်းမှာ ထူးခြားသော မှတ်တိုင်တစ်ရပ်ဖြစ်သည်။

ပုဂံမြို့တွင် ကျင်းပသည့် ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်၊လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာဘွန်ညံဗိုရာချစ်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆွမ်ကစ်ဂျက်တူသရပီကပ်တို့ အပါအဝင် မြန်မာ၊ ကမ္ဘောဒီးယား၊ လာအိုနှင့် ထိုင်းနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။

လေးနိုင်ငံ ထိပ်သီးအစည်းအဝေးတွင် ဆိုင်ရာဝန်ကြီးချုပ်အသီးသီး၏ ဆွေးနွေးချက်များကိုလည်း ကောက်နုတ်တင်ပြလိုပါသည်။ အိမ်ရှင်နိုင်ငံ၏ ဝန်ကြီးချုပ်လည်းဖြစ်၊ ထိပ်သီးအစည်းအဝေး၏ သဘာပတိလည်းဖြစ်သူ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဆွေးနွေးချက်များကို ရှေးဦးစွာ တင်ပြလိုပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လေးနိုင်ငံထိပ်သီး အစည်းအဝေးကျင်းပနိုင်ရေးအတွက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ အကြံပြုချက်ကို ဂုဏ်ယူလေးစားကြရမှာဖြစ်ကြောင်း၊ ဤအကြံပြုချက်အပေါ် လိုလားစွာ ထောက်ခံကြသော ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် လာအိုဝန်ကြီးချုပ်တို့ကိုလည်း လေးစားပါကြောင်း၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် အကောင်အထည်ဖော်ကြရန် ဆုံးဖြတ်ကြခြင်းသည် အချိန်အခါအားဖြင့် သင့်မြတ်လျော်ကန်ပြီး ဒေသတွင်း ဖြစ်ပေါ်တိုးတက်မှုများနှင့်လည်း လိုက်လျောညီထွေမှုရှိပါကြောင်း၊ အာဆီယံရည်မှန်းချက် ၂၀၂၀ နှင့် ကိုက်ညီမှုများ ရှိသကဲ့သို့ မကြာမီက ကျင်းပပြီးစီးခဲ့သည့် ဘာလီသဘော တူညီချက်နှင့်လည်း ဟပ်စပ်မှုရှိပါကြောင်း၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ညီအစ်မမြို့တော်များနှင့် စီမံကိန်း အမြန်အကောင်အထည်ဖော်ရေးကို တာဝန်ယူ ဆောင်ရွက်မှာဖြစ်ကြောင်း၊ မန္တလေးနှင့် လွမ်ပရာဘမ်၊ ရန်ကုန်နှင့် ဗန်ကောက်၊ မန္တလေးနှင့် ဇင်းမယ်၊ မြဝတီနှင့် မဲဆောက်၊ တာချီလိတ်နှင့် မဲဆိုင်တို့ကို ညီအစ်မမြို့များအဖြစ် သတ်မှတ်ဆောင်ရွက်မှာဖြစ်ကြောင်း၊ မြဝတီဒေသကို စက်မှုဒေသအဖြစ် ထူထောင်ပြီး ထုတ်ကုန်များ တင်ပို့ရောင်းချရန်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးချဲ့မြှင့်တင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများသို့ စက်မှု လုပ်ငန်းများ ပြောင်းလဲထူထောင်ခြင်းကို ထောက်ခံကြောင်း၊ ရေအားလျှပ်စစ်လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် အကျိုးများစွာ ဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် လူသားစွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများတွင်လည်း ပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြား သွားသည်။

ထိုင်းဝန်ကြီးချုပ် ဒေါက်တာသက်ဆင်ရှင်နာဝပ်၏ ဆွေးနွေးချက်အချို့ကိုလည်း တင်ပြလိုပါသည်။

ထိုင်းဝန်ကြီးချုပ်က အစည်းအဝေးတွင် တင်ပြထားသော ရှေ့လုပ်ငန်းစဉ်များကို ထောက်ခံကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ချေးငွေများနှင့် အကူအညီများပေးရေး၊ အိမ်နီးချင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးနှင့် ငွေကြေးရရှိရေးလုပ်ငန်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြောကြားသွားသည်။

ဆက်လက်ပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆင်က ဆွေးနွေးရာတွင် မိမိနှင့် ကိုယ်စားလှယ်အဖွဲ့အား ဧည့်ဝတ်ကျေပွန်မှု အပြည့်အဝပေးသည့်အတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့အား ကျေးဇူးတင်ပါကြောင်း၊ ပုဂံ-ဆီရမ်ရိ ညီအစ်မမြို့တော် သတ်မှတ်ခြင်းမှာ သမိုင်းတွင်မည့် သဘောတူညီချက်ဖြစ်ကြောင်း၊ လေးနိုင်ငံ ပူးပေါင်းဆောင်ရွက်ကြရန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို စတင်အကြံပြုသည့် ထိုင်းနိုင်ငံဝန်ကြီးချုပ် သက်ဆင်အား ကျေးဇူးတင်ကြောင်း၊ မိမိတို့လေးနိုင်ငံသည် ဗုဒ္ဓဘာသာ ကိုးကွယ်သည့်နိုင်ငံများဖြစ်ကြသဖြင့် နှစ်သစ်ကူးနေ့များလည်း တူညီကြကြောင်း၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် ပုဂ္ဂလိကကဏ္ဍ ပါဝင်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ညီအစ်မမြို့များ သတ်မှတ်သည့် အစီအစဉ်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို ထောက်ခံကြောင်း၊ တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရေးအတွက် ငွေကြေးအခက်အခဲရှိကြောင်း၊ ငွေများချေးသင့်ကြောင်း၊ ထိပ်သီးအစည်းအဝေး အပါအဝင် လေးနိုင်ငံ အစည်းအဝေးများ ကျင်းပမည့် အစီအစဉ်ကို သဘောတူကြောင်း၊ ထိုင်းဝန်ကြီးချုပ်၏ လေးနိုင်ငံသို့ ဗီဇာတစ်ခုတည်းဖြင့် သွားနိုင်စေရန် အဆိုပြုချက်ကို ထောက်ခံကြောင်း စသည်ဖြင့် ဆွေးနွေးသွားသည်။ လာအိုဝန်ကြီးချုပ်၏ ဆွေးနွေးချက်များကိုလည်း ထုတ်နုတ်တင်ပြလိုပါသည်။

လာအိုဝန်ကြီးချုပ်က နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့အား ကျေးဇူး တင်ရှိပါကြောင်း၊ ဤအစည်းအဝေးအတွက် မြန်မာနိုင်ငံ ဘက်မှ အကောင်းဆုံးစီစဉ်ထားသည်ကို တွေ့ရကြောင်း၊ ဗုဒ္ဓဘာသာကို ကိုးကွယ်သော နိုင်ငံ လေးနိုင်ငံ၏ ထိပ်သီး အစည်းအဝေးကို ပုဂံတွင် ကျင်းပနိုင်ခဲ့ကြောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့် နယ်စပ်တစ်လျှောက်လမ်းများ ဆက်စပ် ဖောက်လုပ်ရန် ဆန္ဒရှိကြောင်း၊ လမ်းကြောင်းရှာဖွေရေး လုပ်ငန်းများ ပြုလုပ်ရန် အသင့်ရှိကြောင်း၊ ထိုင်းဝန်ကြီး ချုပ်အဆိုပြုသကဲ့သို့ မူးယစ်ဆေးဝါးနှိမ်နင်းရေးကိစ္စတွင် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ လာအိုနိုင်ငံ ထွက်ကုန် များ ပြည်ပတင်ပို့ရာတွင် ဈေးကွက်ရရှိရန် လိုအပ်ကြောင်း၊ လာအိုနိုင်ငံသည် ကုန်းတွင်းပိတ်နိုင်ငံဖြစ်သဖြင့် လာအို ကုန်ပစ္စည်းများတင်ပို့ရာတွင် တတိယနိုင်ငံ တစ်နိုင်ငံကို ဖြတ်သန်း ပို့ဆောင်ရကြောင်း၊ ထိုင်းနိုင်ငံက ကောက်ခံ လျက်ရှိသော ဖြတ်သန်းသယ်ဆောင်ခမှာ ကြီးမြင့် နေသဖြင့် လျှော့ပေါ့ပေးရန်လိုကြောင်း၊ ထိုင်း-လာအို ရေအားလျှပ်စစ် ထုတ်လုပ်ရေး သဘောတူစာချုပ် ချုပ်ဆို မည်ဖြစ်ကြောင်း၊ ထိုင်းဝန်ကြီးချုပ်၏ အိမ်နီးချင်းများ စည်ပင်သာယာ ဝပြောရေး အစီအစဉ်ကို ကျေးဇူးတင်ကြောင်း စသည်ဖြင့် ဆွေးနွေးသွားသည်။

လေးနိုင်ငံဝန်ကြီးချုပ်တို့၏ ဆွေးနွေးချက်များကား ရင်းနှီးပွင့်လင်းလှသည်။ စီးပွားရေးပူးပေါင်း ဆောင်ရွက် ရေး အစီအစဉ်များကို လက်တွေ့အကောင်အထည်ဖော် ကြရန် စိတ်အားထက်သန်နေကြသည်။ မလွဲမသွေ အောင်မြင်မှု အသီးအပွင့်များ အသီးသီးရရှိခံစားကြရမည် မှာ ပေါ်လွင်လှသည်။

လေးနိုင်ငံထိပ်သီးအစည်းအဝေးကို ပုဂံမြို့တွင် နိုဝင်ဘာ ၁၂ ရက်က ကျင်းပရာတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒုတိယအကြိမ် အဆင့်မြင့် အရာရှိ ကြီးများ အစည်းအဝေးနှင့် ဝန်ကြီးများ အစည်းအဝေးတို့က ညှိနှိုင်းပြုစုပေးသည့် ပုဂံကြေညာချက်နှင့် ရှေ့လုပ်ငန်း စဉ်များကို ရှင်းလင်းတင်ပြသည်။ တက်ရောက်လာကြသည့် ဝန်ကြီးချုပ်များအားလုံးက ဖြည့်စွက်ဆွေးနွေးခြင်းမရှိဘဲ တညီတညွတ်တည်း လက်ခံအတည်ပြုခဲ့ကြသည်။

ပုဂံကြေညာချက်ကို လေးနိုင်ငံ ထိပ်သီးအစည်းအဝေး အပြီးတွင် နိုဝင်ဘာ ၁၂ ရက်နေ့စွဲဖြင့် ထုတ်ပြန် ခဲ့သည်။

ပုဂံကြေညာချက်တွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဆိုင်ရာ မဟာဗျူဟာ၏ အဓိက ရည်မှန်းချက်များနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာ အကောင်အထည်ဖော်ရေးလုပ်ငန်းများကိုဖော်ပြထားသည်။

ထို့အပြင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူ ချောမွေ့စေရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့်စက်မှု ပူးပေါင်း ဆောင်ရွက်ရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ် ရေးကဏ္ဍ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ကဏ္ဍနှင့် လူ့စွမ်း အားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို အသေးစိတ် ဖော်ပြထားသည်။

ပုဂံကြေညာချက်နှင့်အတူ ပူးတွဲထားသည့် ရှေ့လုပ်ငန်း စဉ်နှင့် ရှေ့လုပ်ငန်းစဉ်အောက်တွင် လေးနိုင်ငံ စလုံးနှင့် ဆိုင်သော စီမံကိန်းများ၊ နှစ်နိုင်ငံချင်းဆိုင်ရာ စီမံကိန်းများ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေး အတွက် ဝန်ကြီးများကို တာဝန်ပေးရန်၊ ပုဂ္ဂလိကကဏ္ဍက တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အားပေး တိုက်တွန်းရန်၊ နယ်စပ်ဒေသတွင် ရင်းနှီးမြှုပ်နှံမှု အမြင့်ဆုံး ရရှိရေး၊ အတိုးနှုန်းသက်သာသော ချေးငွေများ၊ အထောက် အပံ့များရရှိရေးတို့အတွက် ဆောင်ရွက်သွားကြရန်၊ စီးပွား ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မဟာဗျူဟာကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အစိုးရ အကြီးအကဲများ ထိပ်သီးအစည်းအဝေးကို နှစ်နှစ် တစ်ကြိမ်ကျင်းပရန်၊ ဝန်ကြီးအဆင့်နှင့် အဆင့်မြင့်အရာရှိ များအစည်းအဝေးကို နှစ်စဉ်ကျင်းပရန်၊ ယခု သဘော တူညီချက်ကို **ရောဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွား ရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ** သို့မဟုတ် ACMECSဟု ခေါ်တွင်ရန် ဝန်ကြီးချုပ်အားလုံးက သဘောတူညီခဲ့ကြသည်။

လေးနိုင်ငံ ထိပ်သီးအစည်းအဝေးအပြီးတွင် ထိပ်သီး အစည်းအဝေး သဘာပတိ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သတင်းထုတ်ပြန်ချက် တစ်ရပ် ကိုလည်း ထုတ်ပြန်ခဲ့သည်။ ယင်းသတင်းထုတ်ပြန်ချက် တွင် အချက် ၁၄ ချက်ပါဝင်ပြီး လေးနိုင်ငံခေါင်းဆောင်များ ခင်မင်ရင်းနှီးမှုကို အခြေခံ၍ ဆွေးနွေးခဲ့ကြသဖြင့် အောင်မြင် မှု ရလဒ်များရရှိခဲ့ကြောင်း အလေးပေးဖော်ပြ ထားသည်။

လေးနိုင်ငံထိပ်သီးအစည်းအဝေးတွင် ပုဂံကြေညာ ချက်ကိုသာမက နှစ်နိုင်ငံသဘောတူညီချက်ခြောက်ခု ကိုလည်း လက်မှတ်ရေးထိုးနိုင်ခဲ့ကြသည်။ ထိုသဘော တူညီချက်များတွင် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် သဘော တူညီချက်များမှာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား မုတ္တမကမ်းလွန်အကွက်အမှတ် အမ်(၇)နှင့် အမ်(၉)တို့တွင် Production Sharing Contracts for the Exploration and Production of Petroleum စာချုပ်၊ ရဲတံခွန် သဘာဝဓာတ်ငွေ့အသုံးချရေး စီမံကိန်းဆိုင်ရာ နားလည်မှု စာချွန်လွှာနှင့် The Development of Industrial Estates/Special Economic Zones in Myanmar နှင့် စပ်လျဉ်းသည့် သဘောတူညီချက်တို့ ဖြစ်သည်။

အနှစ်ချုပ်၍ဆိုရသော် ပြည်ထောင်စုမြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ပထမအကြိမ်ကျင်းပခဲ့သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့်ထိုင်းလေးနိုင်ငံ စီးပွားဖွံ့ဖြိုးရေး ထိပ်သီး အစည်းအဝေးကြီးကို မြန်မာနိုင်ငံ၏ ရှေးဟောင်း မြို့တော် ပုဂံမြို့တွင် အောင်မြင်စွာကျင်းပပြီးခဲ့ပေပြီ။ အောင်မြင်မှု များကား ဤနေရာတွင်ရပ်နေမည် မဟုတ်ပေ။ လေးနိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ များကို လက်တွေ့အကောင်အထည်ဖော်ကြပြီး အောင်မြင် မှုများ မလွဲမသွေ ဆက်လက်ရရှိနေမည်ဟု ယုံကြည်နေမိ ပါသည်။ ။

ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၇

ပန်းချီကိုဌေးလေး၏ မျက်နှာဖုံးပန်းချီနှင့်အတူ အောင်ထွန်းလင်း (ချောက်)၊ မောင်စောထွန်း(ကျောင်းကုန်း)၊ တက်လူ၊ မောင်စိမ်းနောင်(လယ်ဝေး)၊ ပြင်စည်အောင်(ခရာတော)၊ လွမ်းထိုက်အောင်(ပင်လောင်း)၊ ရွှေဒါးမောင်လေးရည်၊ မင်းနိုင်လေး(လမ်းမတော်)၊ ရွှေမြိုင်ပြုံးလဲ့မော်၊ နိုင်ထူးကျော်(စစ်တွေ)၊ အောင်ရဲဆွေ၊ မြေလတ်ညိုလင်းတို့၏ အဖွင့်ကဗျာများ၊ တင်အောင် (စက်မှု တက္ကသိုလ်)၊ တက္ကသိုလ်သန်း၊ တက္ကသိုလ်မောင်လူလှ၊ မင်းနိုင်၊ ခင်ဂွမ်းဂို၊ မြတ်လွမ်းနောင်(ပုတီးကုန်း)၊ ဓာတ်ပုံ မောင်မောင်၊ အောင်ပန်းဝေ (LL.B)၊ ရှေ့ဆောင်တင်ဆွေ၊ ရဲထွန်း(စစ်ပညာ)၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ တက္ကသိုလ် မြတ်သူ၊ မောင်ကြည်သစ်ဦး၊ သော်ဇင်သစ်၊ ကောင်းကြွယ်၊ သုတ၊ သံယောဇဉ်ဦး၊ မောင်လွမ်းပြေ၊ ဆြာစန်း၊ ဦးအေးမြင့်(ပါမောက္ခ)၊ ဒေါ်ခင်သန်းအေး(ပါမောက္ခ)၊ ဒေါ်ခင်ဆွေဝင်း(ပါမောက္ခ)တို့၏ ဆောင်းပါးများ၊ ဌေးမောင်၊ တက္ကသိုလ် သျှင်သီရိ၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ တက္ကသိုလ်လှကြွယ်၊ မသက်ဆွေ၊ နန္ဒာမိုးကြယ်၊ နီသင်အောင်ကျော်မိုးတို့၏ ဝတ္ထုများပါရှိသည့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းထွက်ပြီဖြစ်သည်။ (သတင်းစဉ်)



ရွှေကံ့ကော်အထူးထုတ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

ပညာရေး ဝန်ကြီးဌာန၊ ရန်ကုန် တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ စာစစ်မှူးချုပ် ပါမောက္ခကြီးများ၏ မေးခွန်းပုံစံနှင့်အညီ အခန်းလိုက် ရှင်းလင်းချက်များနှင့်တကွ အမေး၊ အဖြေစုံတို့ကို အပိုအလိုမရှိ စိစစ် ရေးသားထားသည်။

ဆက်သွယ်ဝယ်ယူနိုင်

ရွှေကံ့ကော် စာမေးပွဲလမ်းညွှန် (Student Exam Guide) စာမေးပွဲ အထူးထုတ်ကို ဖြန့်ချိထားပြီး ဦးမင်းဦး၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် အဆောက်အအုံ ဖုန်း- ၅၃၆၅၀၃၊ ၇၀၀၇၄၁ နှင့် ၇၂၀၇၇၅ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရ သည်။ **(အပေါ်ဝဲပုံ)** (က-ပ)

ဟာသဂျာနယ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

ဏီမှူး၏ မျက်နှာဖုံးကာတွန်းနှင့် ကာတွန်းမြင့်သိန်း၏ စံရွှေမြင့် ကာတွန်းဓာတ်လမ်း အပါအဝင် ဆရာ သာဂဒိုး၊ ဆရာလဒ၊ မြေဇာ၊ ကာတွန်း မြင့်စိုး၊ သုဝဏ္ဏကျော်စိန်၊ မောင်ဉာဏ် ကျယ်၊ ဆြာကြီးထိန်၊ စိန်ကတုံး၊ အောင်ဆင့်၊ နွယ်တမယ်အောင်မြင့်၊ မိုးကြိုး(ဗေဒင်)၊ ဗေရယ်၊ မောင်ရဲလူ၊ ကာတွန်းဝေယံ၊ နိုင်ဝင်းငြိမ်း၊ အောင်နိုင် လွင့်(မော်လမြိုင်)၊ ကျော်ဇောဟိန်း (ဒေါပုံ)တို့၏ ဟာသအတွေးအရေးနှင့် ရုပ်ရှင်ဓာတ်လမ်းများ ပါဝင်သည့် ဟာသ ဂျာနယ်အတွဲ(၂)၊ အမှတ်(၁၇) ကို ဝါမိုးအောင်စာပေ အမှတ်(၅၂၉) ကုန်သည်လမ်း (စာပေဗိမာန်ဘေး) ရန်ကုန်မြို့က ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)** (က-ပ)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✪ ရှေ့ဖုံးမှ

လူမှုရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသား ခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ ဖလမ်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်မင်းက ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ကုန်းမြင့်လယ်ယာမြေ တိုးချဲ့ခြင်းနှင့် အထွက်ကောင်းမျိုးများ ပြောင်းလွဲစိုက်ပျိုးရန် စီစဉ်ထားမှု၊ လက်ဖက်စိုက်ဧက တိုးချဲ့စိုက်ပျိုးမှု၊ နွားနောက်မွေးမြူမှု၊ ပညာရေး၊ ကျန်းမာရေး၊ မြို့ရေပေးဝေရေး၊ ဆက်သွယ်ရေးလုပ်ငန်း အပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လုပ်ငန်းလိုအပ်ချက်များကိုရှင်းလင်းတင်ပြရာ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာရေးနှင့်ကျန်းမာရေး စသည့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ဖလမ်းမြို့နယ်အပါအဝင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ စုံညီစွာဖြင့် ချင်းပြည်နယ်သို့ သီးသန့်စီစဉ် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ရက်က ချင်းပြည်နယ် ဖလမ်းမြို့ အထူးကုဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်သည် ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းသော်လည်းကောင်း၊ မြို့အချင်းချင်း သော်လည်းကောင်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျခဲ့ရကြောင်း။

လမ်းပန်းဆက်သွယ်မှုဦးစားပေး

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံဆောင်ရွက်ပေးရာ၌ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးကို ဦးစားပေးဆောင်ရွက်ပေးနေကြောင်း။

ယမန်နေ့က တီးတိန်မြို့နယ်တွင် တီးတိန်-တွန်းဇန်-ကျီခါးလမ်း၊ ရိဒ်-တီးတိန်လမ်းများ အဆင့်မြှင့်တင်ရန် ပံ့ပိုးဖြည့်ဆည်းပေးခဲ့သလို ယနေ့ ဖလမ်း-တီးတိန်လမ်း၊ ဖလမ်း-ဟားခါးလမ်းများ အဆင့်မြှင့်တင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ချင်းပြည်နယ်အတွင်း လမ်းများပြုပြင်ထိန်းသိမ်းရေး၊ အဆင့်မြှင့်တင်ရေးတို့အတွက်နှစ်စဉ်ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သို့ရာတွင် ချင်းပြည်နယ်အတွင်း လမ်းများမှာ တောင်ပေါ်လမ်းများ ဖြစ်ရုံသာမက မိုးရာသီတွင် တောင်ပြိုပြီး လမ်းပျက်တတ်သဖြင့် ရှိပြီးလမ်းများ ပြတ်တောက်မသွားစေရေးအတွက် ပြုပြင်ထိန်းသိမ်းမှုကို ဦးစားပေးဆောင်ရွက်နေရရာ လမ်းများအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို တဖြည်းဖြည်းချင်း အပိုင်းအဆင့်ခွဲ၍ ဆောင်ရွက်နေရသည့် သဘောရှိကြောင်း။

ကုန်းမြင့်လယ်ယာစပါး

အလားတူပင် ချင်းပြည်နယ်၏ ရေမြေသဘာဝအရ လယ်စပါး စိုက်ပျိုးနိုင်ခြင်းမရှိရာ ဒေသနှင့် ကိုက်ညီသည့် ကုန်းမြင့်လယ်ယာစပါးစိုက်ပျိုးမှုကို တဖြည်းဖြည်းချင်း တိုးချဲ့စီမံပေးလျက်ရှိကြောင်း။

ထို့အတူပင် ချင်းပြည်နယ်၌ သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းခြင်း မရှိသဖြင့် ရေမြေသဘာဝနှင့် ကိုက်ညီပြီး အဖြစ်ထွန်းနိုင်ဆုံးနှင့် အကျိုးအရှိဆုံးဖြစ်မည့် လက်ဖက်စိုက်ပျိုးရေးကို နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီ အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မွေးမြူရေးကဏ္ဍတွင်လည်း ဒေသနှင့်ကိုက်ညီပြီး စီးပွားရေးအဖြစ်ထွန်းနိုင်ဆုံးဖြစ်သည့် နွားနောက်မွေးမြူရေး ဖြစ်ထွန်းစေရန် နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးဆောင်ရွက်လျက်ရှိကြောင်း။

နယ်စပ်ကုန်သွယ်ရေး

ထို့အပြင် ချင်းပြည်နယ်၌ နယ်စပ်ကုန်သွယ်ရေး တိုးတက်ဖြစ်ထွန်းစေရအောင်လည်း နိုင်ငံတော် အစိုးရက စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံကဏ္ဍစုံမှ ကူညီပံ့ပိုးအားပေး ဆောင်ရွက်လျက်ရှိချိန်တွင် ချင်းပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြသည့်ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများကို အခြေခံပြီး ရည်မှန်းချက် ပြည့်မြောက်အောင်မြင်အောင် လုံ့လဝီရိယထုတ် စေတနာရှေ့ထား ဆောင်ရွက်ကြရန် လိုကြောင်း။

ပူးပေါင်းပါဝင်

ပြည်သူများ အပိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စေတနာရှေ့ထား စီမံဆောင်ရွက်မှုများအပေါ် အခြေခံပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့၏ စီးပွားရေး တိုးတက်စည်ပင်အောင် ဝီရိယစိုက်ထုတ် ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုအား၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စနစ်တကျ စီမံခန့်ခွဲမှုအား၊ ပြည်သူများ၏ ဝီရိယစိုက်ထုတ်မှုအား စသည့် အားသုံးအားတို့ ညီညွတ်တက်ကြွစွာ ပေါင်းစည်းကြိုးပမ်း ဆောင်ရွက်ကြမည်ဆိုလျှင် ချင်းပြည်နယ်ကြီးလည်း အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ချင်းပြည်နယ် အပါအဝင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းနေထိုင်ရာ ပြည်ထောင်စုကြီးဖြစ်သည်နှင့်အညီ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ဖြစ်ထွန်းနေစေရန်လည်း လိုကြောင်း။

သယံဇာတများထုတ်ယူသွား

တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့သဖြင့် ကိုလိုနီနယ်ချဲ့၏ ကျွန်ဘဝတွင် နှစ်ပေါင်းတစ်ရာကျော် နေထိုင်ခဲ့ရရာ တိုင်းပြည်တိုးတက်မှု မရှိသည့်အပြင် မိမိနိုင်ငံ၏ သယံဇာတ အဆီအနှစ်များ ထုတ်ယူသွားခြင်းသာ ခံခဲ့ကြရကြောင်း။

နိုင်ငံတော် လွတ်လပ်ရေးရပြန်တော့လည်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်လျှိုမှုကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရပြီး ပဋိပက္ခအဖုံဖုံဖြင့် တိုင်းပြည်မထူထောင်နိုင်သည့်အပြင်ဆုတ်ယုတ်မှုများဖြင့်သာ ကြုံတွေ့ခဲ့ရကြောင်း။

ပြန်လည်ထူထောင်

မိမိတို့တပ်မတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ကြီးလေးလှသော တာဝန်ကြီးကို မယူမဖြစ်၍ ရယူခဲ့ရသည့်အခါတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြန်လည်ဖြစ်ထွန်းအောင်၊ နိုင်ငံတော် ငြိမ်းချမ်းသာယာအောင်ကြိုးပမ်းဆောင်ရွက်ရင်း တစ်ချိန်တည်းမှာပင် အဘက်ဘက်က ခေတ်နောက်ကျနေခဲ့သော တိုင်းပြည်ကိုပြန်လည်ထူထောင်ရသည့် တာဝန်ကြီးကိုထမ်းရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း လက်နက်ကိုင်ဆန့်ကျင်မှုများချုပ်ငြိမ်းပြီး တိုင်းပြည်ငြိမ်းချမ်းသာယာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင်အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း ပြည်ပပယောဂများနှင့် လက်နက်ကိုင် ဆန့်ကျင်မှု အနည်းအကျဉ်း ကျန်ရှိနေသေးခြင်းကြောင့် တည်ငြိမ်အေးချမ်းမှုနှောင့်နှေးခဲ့ရပြီးဖွံ့ဖြိုးတိုးတက်မှုလည်း နှေးကွေးခဲ့ရကြောင်း။

သင်ခန်းစာများရှိထား

ယခင် ပါလီမန်ခေတ် ကာလက စတင်၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ခြင်းကြောင့် ပြည်ထောင်စုကြီးအတွင်း ပြဿနာပေါင်းစုံ ရင်ဆိုင်ခဲ့ရသည့် သင်ခန်းစာများလည်း ရှိထားပြီးဖြစ်ရာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပြိုကွဲအောင် နည်းလမ်းပေါင်းစုံဖြင့် သွေးခွဲဖန်တီးနေသည့် ဘေးပယောဂများကို နားမယောင်ကြရန်လိုကြောင်း၊ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲရေးအတွက် မကောင်းသည့်ရည်ရွယ်ချက်ဖြင့်သွေးခွဲသပ်လျှိုနေသည်ကို တိုင်းရင်းသားများ အားလုံးက အရင်းခံအတိုင်းနားလည် သဘောပေါက်ကြရန် လိုကြောင်း။

သွေးချင်းသားရင်းမဟုတ်သူများကို အားကိုးလျှင် သူ့ကျွန်ဘဝပြန်ရောက်ဖို့ဖြစ်သလို သွယ်ဝိုက်သောအားဖြင့် ဩဇာလွှမ်းမိုးမှုအောက် ရောက်ရှိသွားလျှင်လည်း သူ့ကျွန်ဘဝ ရောက်သည်နှင့် အတူတူပင်ဖြစ်ကြောင်း။

သွေးခွဲမှုများသိမြင်

သို့ဖြစ်၍ ပြည်ထောင်စုဖွား တိုင်းရင်းသားများ အားလုံးက ဘေးပယောဂ ပူးကပ်သွေးခွဲမှုများကို သိမြင်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒကို အခြေခံလျက် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖလမ်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံနှင့် အင်ဗာတာတစ်စုံတို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား လည်းကောင်း ပေးအပ်သည်။

စုပေါင်းဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ခရိုင်နှင့်မြို့နယ်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသား ခေါင်းဆောင်များနှင့် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့် နိုဝင်ဘာ ၂၅ရက်က ချင်းပြည်နယ် တီးတိန်မြို့နယ် ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ အထူးကုဆေးရုံကြီးသို့ရောက်ရှိလာရာ ဆေးရုံအုပ်ကြီး ဒေါက်တာအုန်းလွင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ ဆရာမများကကြိုဆိုကြပြီး ဆေးရုံအုပ်ကြီးက အမျိုးသမီး ခွဲစိတ်ကုသဆောင်၊ သားဖွားမီးယပ်ဆောင်၊ ခွဲစိတ်ခန်း၊ အမျိုးသား ခွဲစိတ်ကုသဆောင်တို့ကို လိုက်လံရှင်းလင်းပြသရာ ဆေးရုံကြီးကို အပိုင်းလိုက် ပြုပြင်မွမ်းမံသွားရေးအတွက် မှာကြားသည်။

ထန်တလန်မြို့

ထိုမှတစ်ဆင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်တလန်မြို့သို့ ရောက်ရှိကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင်များနှင့် ပြည်သူများက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရှုရပ်မှ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုကြသည်။

တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထန်တလန်မြို့

စီးပွားကူးသန်း ရှေ့သို့လှမ်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ရက်က ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ တိုင်းရင်းသား ခေါင်းဆောင်များ၊ ဒေသခံပြည်သူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

မြို့နယ်ခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုင်းလူတင်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ လူဦးရေ၊ စိုက်ပျိုးဧကနှင့် စိုက်ပျိုးသီးနှံအမျိုးအစား၊ နွားနောက်မွေးမြူမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ရေပေးဝေရေး၊ မြို့တွင်းလမ်းများ အဆင့်မြှင့်ရေးလုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အလားအလာကောင်းများရှိ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကား ပြောကြားရာတွင် ထန်တလန်မြို့နယ်သည် ချင်းပြည်နယ် အတွင်းရှိ အခြားဒေသများနှင့် နှိုင်းစာလျှင် မြို့အနေအထား စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေအနေအထား ပိုမိုကောင်းမွန်သည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု အခြေခံနှင့်အလားအလာကောင်းများ များစွာရှိနေသည်ကို တွေ့ရကြောင်း။

လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင်လည်း အခြားသောဒေသများထက် ပိုမိုကောင်းမွန်ပြီး ထန်တလန်-ဟားခါး၊ ဟားခါး-ဂန့်ဂေါမှတစ်ဆင့် အခြားပြည်နယ်၊တိုင်းများသို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့နေသည်ကို တွေ့ရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ရက်တွင် ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ပြည်သူ့ဆေးရုံကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ထို့အပြင် ထန်တလန်မြို့နယ်သည် နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းပေါ်တွင်ရှိသဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများလည်း ရှိနေကြောင်း။

ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် ထန်တလန်မြို့နယ် ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်စေရအောင် တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မှာဖြစ်ကြောင်း။

ဝမ်းစာဖူလုံရေး

ဒေသတွင်း ဝမ်းစာဖူလုံရေးအဖြစ် နိုင်ငံတော်အစိုးရက အားပေးပံ့ပိုးနေသည့် လက်ဖက်စိုက်ပျိုးရေး၊ နွားနောက် မွေးမြူရေးလုပ်ငန်းများကိုလည်း စီးပွားဖြစ် တိုးချဲ့ဆောင်ရွက်သွားကြရန်လိုကြောင်း။

နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးအတွက်လည်း နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

သို့ဖြစ်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် နိုင်ငံတော်ကချမှတ်ပေးသည့် အစီအမံများနှင့် ကူညီပံ့ပိုးမှုများကို ထိရောက်မှန်ကန်စွာသုံးစွဲပြီး လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် စေတနာရှေ့ထား ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

သူ့တာကိုယ့်တာမခွဲခြား

အထူးသဖြင့် ပြည်နယ်ဒေသ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများ အနေဖြင့် မိမိတာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ စီးပွားရေးကောင်းမွန်အောင် ပြည်သူများ လူနေမှုဘဝ အဆင့်အတန်းမြင့်မားအောင် သူ့တာကိုယ့်တာ မခွဲခြားဘဲ တူညီသောရည်မှန်းချက်ဖြင့် တက်ညီလက်ညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတော်အစိုးရ၏ စနစ်တကျ စီမံခန့်ခွဲမှု၊ အားပေးကူညီမှု၊ ဒေသဆိုင်ရာ ဝန်ထမ်းများ၏ စေတနာရှေ့ထား အကောင်အထည်ဖော်ဆောင်ရွက်မှုတို့တွင် မိဘပြည်သူများ ရပ်မိရပ်ဖများကလည်း မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့တွင်လည်း တာဝန်ရှိသည်ဆိုသည့် စိတ်ဓာတ်ဖြင့် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းသို့သော အသိတရားနှင့် စိတ်ဓာတ်ကိုမွေးမြူပြီး မိမိပြည်နယ်နှင့်တကွ ပြည်ထောင်စုကြီးတစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်အောင် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်ရင်း ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင်၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု တိုးပွားခိုင်မာအောင် ထိန်းသိမ်းကာကွယ် မြှင့်တင်ပေးကြရန် ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ထန်တလန်မြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံတို့ကို ကျောင်းအုပ်ဆရာကြီးဦးထနောအားလည်းကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အားလည်းကောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာကြီး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် Language Lab၊ Computer Aided Instruction Room နှင့် Computer Skills Room တို့ကို လှည့်လည်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစစ်ဆေးသည်။

အောင်ချက်မြင့်မားရေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ဆရာမများအား တွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း မြင့်မားရေး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ထန်တလန်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာမျိုးသန်းထွန်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။ ဆက်လက်၍ လူနာဆောင်၊ ခွဲစိတ်ခန်း၊ဆေးသိုလှောင်ခန်း၊ဓာတ်ခွဲခန်း၊ ကာကွယ်ဆေးထားသိုသည့် အအေးခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအင်္ဂါရပ်နှင့် ညီညွတ်ရေး ဆေးဝါးများပြည့်စုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်တကျ ဖြစ်ရေးတို့ မှာကြားသည်။

ဟားခါးမြို့

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့သို့ ရောက်ရှိကြရာ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် တိုင်းရင်းသားခေါင်းဆောင်များနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဟားခါးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများ၊တိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဟားခါးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခွန်လေ့တန်က မြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ သီးနှံစိုက်ဧကနှင့် သီးနှံစိုက်ပျိုးမှုအခြေအနေ၊ မြို့နယ်၏ လက်ဖက်စိုက်ဧကနှင့် တိုးချဲ့စိုက်ပျိုးရန်ဆောင်ရွက်နေမှု၊နွားနောက်မွေးမြူမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဒေသဝမ်းစာဖူလုံရန် သီးထပ်၊ သီးညှပ်စိုက်ပျိုးမှု စိုက်ပျိုးမြေတိုးချဲ့မှု၊ အထွက်တိုး စပါးစိုက်ပျိုးရန် ဆောင်ရွက်နေမှု၊ လက်ရှိပြည်နယ်အတွင်း လက်ဖက်စိုက်ပျိုးမှု ၂၀၀၆ခုနှစ်တွင် လက်ဖက်ဧက ၁၀၀၀၀ရှိရန် စီစဉ်ဆောင်ရွက်နေမှု၊ မြို့နယ်အလိုက် လက်ဖက်မျိုးစေ့ဖြန့်ဖြူးပေးမှု၊ နွားနောက်မွေးမြူမှု အခြေအနေနှင့် တိုးချဲ့မွေးမြူရန် ဆောင်ရွက်နေမှု၊ ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရပ်မိရပ်ဖ ဦးရှန်အုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြသည့် လုပ်ငန်း လိုအပ်ချက်များဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိရေး၊ ဆက်သွယ်ရေးစနစ် ကောင်းမွန်ရေးတို့နှင့် ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ဤ ချင်းပြည်နယ် ခရီးစဉ်ကို သီးသန့်စီစဉ်ပြီး လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယမန်နေ့က တွန်းဇန်၊ ကျီခါး၊ ရိခေါဒါရ်၊ တီးတိန်မြို့များသို့ ရောက်ရှိခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် ဖလမ်း၊ ထန်တလန်များသို့ရောက်ရှိကာ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ၊ ဒေသခံပြည်သူများ တင်ပြသည့် လိုအပ်ချက်များ အားလုံးလိုလိုကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

အထူးသဖြင့် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

မျှမျှတတဖွံ့ဖြိုးရန်

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်နယ်နှင့်တိုင်း ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် ကျဉ်းမြောင်း ပပျောက်ပြီး မျှမျှတတဖွံ့ဖြိုးတိုးတက်စေရအောင် စီမံဆောင်ရွက်ပေးနေကြောင်း။

သို့ဖြစ်၍ နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးဖြန့်ကြက်ပြီး ဒေသလိုအပ်ချက်များနှင့်အညီ လမ်းမကြီးများ၊ တံတားကြီးများ၊ ဆည်မြောင်းတာတမံကြီးများ၊ တက္ကသိုလ်၊ ကောလိပ်နှင့် ဆေးရုံများစသည့် စီးပွားရေး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အခြေခံအဆောက်အအုံများကို နယ်မြေဒေသ

စာမျက်နှာ ၁၀ ကော်လံ ၁သို့ ❒

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈:၁၀	၇။	အကပြိုင်ပွဲ
၈:၂၀	၈။	မြစ်ကိုမြင်လျှင် တံတားဆင်
၈:၃၀	၉။	International News.
၈:၄၅	၁၀။	English for Everyday Use.
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	Practice In Reading.
၄:၄၅	၄။	တေးဂီတအစီအစဉ်
၅:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၁၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၅:၂၅	၇။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၀	၈။	တေးဂီတအစီအစဉ်
၅:၅၅	၉။	(၂၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြိုပြင်ဆင်လေ့ကျင့်မှု(လှေလှော်)
၆:၁၀	၁၀။	Discovery.
၆:၃၀	၁၁။	ညနေခင်းသတင်း
၇:၀၀	၁၂။	မိုးလေဝသအခြေအနေ
၇:၀၅	၁၃။	Milo Success in Soccer.
၇:၁၀	၁၄။	တေးဂီတအစီအစဉ်
၇:၂၅	၁၅။	ဝင်ငွေတိုးစေဖို့မက္ကဒေးမီးယားသီးနှံစိုက်ကြစို့
၇:၄၀	၁၆။	နှောင်းခေတ်တေးပဒေသာ
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**"အမေမပြောလိုတဲ့ အိပ်ရာဝင်ပုံပြင်"(အပိုင်း-၁) (ကျော်ရဲအောင်၊ ဇင်ဝိုင်း၊ အောင်ခိုင်၊ဆုပန်ထွာ၊ မျိုးသန္တာထွန်း၊မေသဥ္ဇာဦး) [ဒါရိုက်တာ-ရိုးရိုး]**
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

တွေ့ဆုံမှာကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နိုဝင်ဘာ ၂၅ ရက်က ချင်းပြည်နယ် ထန်တလန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

❐ **စာမျက်နှာ ၉ မှ**

ကွက်လပ်မကျန်စေရအောင် အကွက်ချ တည်ဆောက်ပေးလျက်ရှိနေကြောင်း။

ပြည့်စုံမှုမရှိသေး

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး အတွက်လည်း နိုင်ငံတော် အစိုးရက အလေးထား ကြိုးပမ်းဆောင်ရွက်ပေး လျက်ရှိရာ လောလောဆယ်တွင် လုံလောက်ပြည့်စုံမှု မရှိသေးသော်လည်း တဖြည်းဖြည်းချင်း ပြည်ထောင်စုကြီး၏ အခြားသော ဒေသများနှင့် ဟန်ချက်ညီညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးတွင် ငွေကုန်ကြေးကျအများဆုံးဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများကို နိုင်ငံတော်က အလေးထားဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

တစ်ဆက်တည်းဖြစ်ထွန်းလာမည်

လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသတိုးတက်ဖွံ့ဖြိုးမှု၊ ဒေသ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းမှုနှင့် ဒေသတွင်းလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှုတို့သည် တစ်ဆက်တည်း ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ဆင့်ကဲဆင့်ကဲ ဖြစ်ထွန်းလာစေရေး အတွက် ဒေသခံပြည်သူများကလည်း ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက် ကြရန်လိုအပ်ကြောင်း။

ပြည်သူအများ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြသည်နှင့်အမျှ နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၏ စနစ်တကျ စီမံဆောင်ရွက်ပေးမှုများ ပေါင်းစည်းပြီး ချင်းပြည်နယ်ကြီးသည်လည်း ပြည်ထောင်စုကြီး၏ အခြားသော နယ်မြေဒေသများနှင့် ဟန်ချက်ညီညီ မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းများအားလုံး ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်း ပပျောက်ပြီး မျှတစွာ ဖွံ့ဖြိုးတိုးတက် လာသည်နှင့်အမျှ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး တိုးပွားခိုင်မြဲပြီး ပြည် ထောင်စုကြီးလည်း အစဉ်ထာဝရ တည်တံ့ခိုင်မြဲမှာဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော် ကြီးအတွင်း တိုင်းရင်းသား ညီအစ်ကို မောင်နှမ သွေးချင်းများအားလုံးသည် နှစ်ပေါင်းထောင်ချီလျက် ဥမကွဲသိုက် မပျက် စည်းစည်းလုံးလုံး ညီညီညွတ် ညွတ် ပေါင်းစည်းယှက်နွယ် နေထိုင် လာခဲ့ကြသည့် အစဉ်အလာရှိရာ ဘေး ပယောဂ ပူးကပ်နှောင့်ယှက်မှုကို နား ယောင်ခြင်းမရှိဘဲ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ထာဝရခိုင်မြဲနေ အောင် ပြည်ထောင်စု စိတ်ဓာတ်မွေး ရန်လိုကြောင်း။

သို့ဖြစ်၍ ဘေးပယောဂ ပူးကပ် သွေးခွဲမှုများကိုနားမယောင်ဘဲ "မည်သူ ခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်"ဆိုသည့် စိတ်ဓာတ် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည် ထောင်စု စိတ်ဓာတ်တို့ ခိုင်ခိုင်မြဲမြဲ စွဲကိုင်ပြီး ပြည်ထောင်စုကြီး အစဉ် ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ လက်တွဲကာကွယ် စောင့်ရှောက်သွားကြရန်လိုကြောင်း။

ခိုင်မာသောအစိုးရဖြစ်ထွန်းရေး

ယနေ့ နိုင်ငံတော်အစိုးရက ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေ သည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်သည် အနာဂတ် ကာလတိုင် ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲရေးကို စွမ်းဆောင်ပေးနိုင်မည့် ခိုင်မာသော အစိုးရတစ်ရပ်ဖြစ်ထွန်း လာရေးအတွက် ချမှတ်ထားသည့် လမ်းစဉ်ပင်ဖြစ်ကြောင်း။

ပျော့ညံ့ပြီး သူတစ်ပါးဩဇာနာခံ မည့် အစိုးရဖြစ်ပေါ်လာပါက ပြည် ထောင်စုကြီးချည့်နဲ့ပြိုကွဲမည်မှာ သေချာ ကြောင်း၊ ယင်းသို့ ပြည်ထောင်စုကြီး ပြိုကွဲရသည့် ဖြစ်ရပ်မျိုးဖြစ်ပေါ်မလာ စေရအောင် သူတစ်ပါး ဩဇာပေး စွက်ဖက်မှုကို ကြံ့ခိုင် တွန်းလှန်နိုင်သည့် ခိုင်မာသော အစိုးရတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ချမှတ်ထား သော မူဝါဒလုပ်ငန်းစဉ်ခုနစ်ရပ် အောင် မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်း လာအောင် တိုင်းရင်းသားပြည်သူများ အခိုင်းကလေး တက်ညီလက်ညီ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန်လို ကြောင်း။

ထိမ်းသိမ်းစောင့်ရှောက်

သမိုင်းအစဉ်အဆက် ပိုင်ဆိုင် တည်တံ့လာခဲ့သည့် နိုင်ငံတော် လွတ် လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာ တည်သရွေ့ တည်တံ့ခိုင်မြဲစေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး တိုးပွား ခိုင်မာစေရအောင်၊ ပြည် ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲစေ ရအောင်၊ တိုင်းရင်းသားပြည်သူများ အားလုံးက စည်းစည်းလုံးလုံး ညီညီ ညွတ်ညွတ်ဖြင့် ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြရန် ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဟားခါးမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းများအတွက် ကွန် ပျူတာတစ်စုံ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တစ်စုံ၊ အင်ဗာတာတစ်စုံ တို့ကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီး များအားလည်းကောင်း၊ ဒေသခံပြည်သူ များအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌအားလည်းကောင်း၊ ဟားခါးမြို့ လူမှုဝန်ထမ်းမူကြိုကျောင်း အတွက် လက်ဆောင်ပစ္စည်းများကို လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ် ဦးစီးမှူး ဦးချန်ပဲအားလည်းကောင်း ပေးအပ်သည်။

လွှမ်းခြုံပေး

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား လိုင်မျိုးနွယ်စု ခေါင်းဆောင် ဦးရှန်အုပ်က ချင်းတိုင်း ရင်းသား လိုင်မျိုးနွယ်စုများ ပွဲလမ်း သဘင်အောင်ပွဲ အခမ်းအနားများတွင် မျိုးနွယ်စု ခေါင်းဆောင်များ အသက် အရွယ်ဂုဏ်၊ မျိုးနွယ်ဂုဏ်ရှိသူများ ကိုသာ အလေးအမြတ် လွှမ်းခြုံပေး သော ဂျွန်လိုပ်ဟွန်စောင်ကို လွှမ်းခြုံပေး သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ ဝင်များသည် ဟားခါးမြို့ ပြည်နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်း၊ ဆေးရုံအုပ် ကြီးဒေါက်တာခင်ဒေါ်သိန်းနှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်ဆရာမ များက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဟားခါးမြို့ ပြည်နယ်ဆေးရုံကြီး တိုးချဲ့အဆောက် အအုံဆောက်လုပ်ရန် မြေနေရာ ရွေး ချယ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ ဝင်များသည် ရေဇွာမြို့သို့ ရောက်ရှိ ကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ဆန်းအောင်၊ မတူပီမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေဇွာမြို့ ခန်းမ၌ မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ များ၊ ဒေသခံ တိုင်းရင်းသားများ နှင့်တွေ့ဆုံသည်။

ဖြည့်စွက်ရှင်းလင်း

ရှေးဦးစွာ မတူပီမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွန့်စိုးက မြို့နယ်လမ်းပန်း ဆက် သွယ်ရေး ကောင်းမွန်ရန်အတွက် လမ်း တံတားလုပ်ငန်း၊ ဆက်သွယ်ရေး လုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး လုပ်ငန်းများအပါအဝင် ဒေသဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများနှင့် ပတ် သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည် များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် များ ပြည့်မြောက်အောင်မြင်ရေး အတွက် ဌာနဆိုင်ရာအားလုံး စည်း စည်းလုံးလုံးညီညီညွတ်ညွတ် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရေဇွာမြို့ အခြေခံပညာ အထက်တန်းကျောင်း အတွက် ကွန်ပျူတာတစ်စုံ၊ ရုပ်မြင် သံကြားစက်၊ ဗီဒီယိုပြစက်တစ်စုံ၊ အင် ဗာတာတစ်စုံတို့ကို ကျောင်းအုပ် ဆရာကြီး ဦးခိုင်ခေါကျင့်အား လည်း ကောင်း၊ ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌအားလည်းကောင်း ပေးအပ် သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သို့ ဒေသခံ တိုင်း ရင်းသားများက ဂါရဝပြုလက်ဆောင် ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဒေသခံ တိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

လမ်းညွှန်မှာကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေး မှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ရေဇွာမြို့တိုက်နယ် ဆေးရုံသို့ ရောက်ရှိကြပြီး တာဝန်ခံ ဆရာဝန် ဒေါက်တာခင်ကျော်ညိုနှင့် ဆရာ၊ဆရာမများအား နှုတ်ဆက်ကြ သည်။ ဆေးရုံတိုးချဲ့ဆောင် တည် ဆောက်ရေးအတွက်လည်း လမ်းညွှန် မှာကြားသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များသည် ညနေပိုင်းတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံသို့ ရောက်ရှိကြ သည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များသည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီ တော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညို ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင် များသည်စေတီတော်အားလက်ယာရစ် လှည့်လည် ပူဇော်ကြည်ညိုကြပြီး နိုင်ငံ တော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ကရွှေစည်းခုံစေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ ဝင်များသည် ပုဂံမြို့ ဓမ္မရာဇကစေတီ တော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စေတီတော်အား လက်ယာရစ် လှည့် လည် ပူဇော်ကြည်ညိုကြသည်။

အလှူငွေပေးအပ်

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ ဝင်များသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဓမ္မရာဇက စေတီတော်အတွက် အလှူ ငွေများကို ပေးအပ်လှူဒါန်းသည်။ ထိုမှ တစ်ဆင့် ပုဂံမြို့ဧည့်ရိပ်သာသို့ရောက်ရှိ ရပ်နားကြသည်။

နိုဝင်ဘာ ၂၆ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ပုဂံမြို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန် လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၃ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်တော်
၇:၂၀	၄။ မြန်မာ့ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာ့သံစဉ်မျိုးစုံဂီတ
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအသား ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသော ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသောပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်ရွေးစင်ပြပွဲဂီတသံ
၄:၁၅	၄။ နဝင်ပြိုင်ခ်းသီချင်းကြီး
၄:၂၀	၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအသား ပြိုင်ပွဲအစီအစဉ်
၄:၃၀	၆။ ရင်ခုန်စီးဆင်းချစ်သီချင်း
၄:၄၀	၇။ မျိုးချစ်တပ်တော်
၄:၅၀	၈။ အလွမ်းတေးသံချိုချိုသူဆီ
၅:၀၀	၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ် (သမိုင်း) (ခ)တတိယနှစ်(အရှေ့တိုင်းပညာ)
၅:၃၀	၁၀။ ပညာခေတ်
၅:၄၅	၁၁။ သာယာသံကျွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၆:၃၅	၁၅။ မိုးလေဝသသတင်း
၆:၄၀	၁၆။ မြန်မာ့ရွှေခင်
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖန်ခြေနင်းနဲ့ ယမင်းရွှေရင် (အပိုင်း-၂၁)
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသောပြည်မြန်မာ
	၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (အပိုင်း-၅)
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

● **ကျောဖုံးမှ**

များဖြင့် ဆောင်ရွက်နေသည်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တင်ပြချက်များအပေါ် လိုအပ်ချက်များကိုမှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် အဖွဲ့ဝင်များသည် တွင်းငယ် - မိုးမိတ်လမ်းအတိုင်း ဆက်လက်ထွက်ခွာကြရာ မွန်းလွဲ ၂နာရီတွင် ကျောက်မဲခရိုင် မိုးမိတ်မြို့နယ် မြို့လယ်တောင်ရွှေစမ်းသပ်ထုတ်လုပ်ရေးလုပ်ငန်း အေးရှားဝေါလ်ကုမ္ပဏီ၏ လုပ်ကွက်သို့ရောက်ရှိကြသည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က မိုးမိတ်မြို့ မြို့လယ်တောင်တွင် ရွှေသတ္တုတွေ့ရှိမှု၊ စမ်းသပ်တူးဖော်မှုအခြေအနေ၊လုပ်ကွက်များသတ်မှတ်နေရာချထားကာ စမ်းသပ်တူးဖော်တွေ့ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးရှားဝေါလ်ကုမ္ပဏီ ဒါရိုက်တာ ဦးမောင်ကျေးက မြို့လယ်တောင်လုပ်ကွက်တွင် အေးရှားဝေါလ်ကုမ္ပဏီမှ လုပ်ကိုင်ခွင့်ရရှိထားသော လုပ်ကွက်၌ စမ်းသပ်ကွက်များစီစဉ်စမ်းသပ်တူးဖော်နေမှုနှင့် တွေ့ရှိချက်အခြေအနေများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အေးရှားဝေါလ်ကုမ္ပဏီမှ ဘူမိဗေဒပညာရှင် ဦးကြည်ထွန်းက ရွှေသတ္တုစမ်းသပ် တူးဖော်တွေ့ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မြေနမူနာစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့လယ်တောင်ရှိ အေးရှားဝေါလ်ကုမ္ပဏီလုပ်ကွက်မှ စမ်းသပ်တူးဖော်ရရှိထားသော ရွှေသတ္တုရောမြေသားနမူနာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စမ်းသပ်တူးဖော်နေသော လုပ်ကွက်ရှိ ကျောက်ခွဲစက်တည်ဆောက်မည့်နေရာ၊ စိန်လွန်စက်ဖြင့် ကျောက်သားများတူးဖော်နေမှု၊ ဓာတ်ခွဲခန်းသုံး လှုပ်ရှားစားပွဲတွင် ရွှေကျင်မြေထုတ်ယူနေမှုနှင့် စမ်းသပ်တွင်း အမှတ်(၅)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြို့လယ်တောင်ရှိ ရွှေလီရတနာ သယံဇာတ ရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ လုပ်ကွက်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရွှေလီရတနာ သယံဇာတ ရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးလေးမောင်က ရွှေသတ္တုစမ်းသပ်ရှာဖွေမှုနှင့် တွေ့ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရွှေလီရတနာ သယံဇာတ ရှာဖွေထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ စမ်းသပ်ရှာဖွေ တွေ့ရှိထားသော ရွှေသတ္တုရော မြေသားနမူနာများကို လည်းကောင်း၊ ရွှေသန့်စင်စက်ရုံ၌ ရွှေသတ္တုရောမြေသားများ ကြိတ်ခြင်း၊ ရွှေကျင်ခြင်းလုပ်ငန်း အဆင့်ဆင့် ဆောင်ရွက်နေသည်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုးမိတ်မြို့ မြို့လယ်တောင် ရွှေသတ္တုစမ်းသပ် တူးဖော်ခြင်းလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား Shin Satellite Public Co.,Ltd ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co., Ltd ဥက္ကဋ္ဌ (President)Nongluck Phinain itisart နှင့်အဖွဲ့ဝင်များသည် ယနေ့ညနေ ၄နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်ထုတ်လွှင့်မှုများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

လူမှုဝန်ထမ်းဦးစီးဌာန ရွှေရတုအထိမ်းအမှတ် "ရင်ခွင်" မဂ္ဂဇင်းထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၇

လူမှုဝန်ထမ်းဦးစီးဌာန နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် ထုတ်ဝေသည့်"ရင်ခွင်"မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါမဂ္ဂဇင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဥယျောဇဉ်၊ မောင်ဆုရှင်၊ ဒေါက်တာခင်မောင်ညွန့်၊ ဒေါက်တာကျော်စိန်၊ ဒေါက်တာသက်လွင်၊ ချစ်စံဝင်း၊ ရဲထွတ်နီ၊ ချစ်နိုင်(စိတ်ပညာ)၊ ကိုစစ်(လူမှု)၊ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ စောမုံညင်း၊ မမြတ်လေးတို့၏ဆောင်းပါးများ၊ မောင်မြင့်ကြွယ်၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ရေနံမြေ မောင်မောင်ကြည်၊ မောင်မိုးယံ၊ ရွှေသဥ္ဇာ၊ ယုဝတီခင်စိန်လှိုင်၊ မစန္ဒာ၊ ကြူကြူသင်းတို့၏ ဝတ္ထုတိုများနှင့် ကဗျာ၊ ဓာတ်ပုံကဏ္ဍများ စုံလင်စွာ ဖော်ပြပါရှိသည်။ ယင်းမဂ္ဂဇင်း စာအုပ်ကိုတစ်အုပ်လျှင် ငွေကျပ် ၉၀၀ဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ် အမှတ်(၆၄) ကမ္ဘာအေးစေတီလမ်း ရန်ကုန် ဖုန်း-၆၆၂၅၉၀၊ ၆၆၂၅၈၆တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုပြိုင်ပွဲများဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၃ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု စက်ချုပ်၊ ပိုးဇာပုံနှိပ်၊ ဓာတ်ပုံနှင့် ဆံသပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် အမှတ်(၆၅) ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်းခန်းမ၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာန ပြန်လည်နေရာချထားရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်အောင်သိန်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက်နားမကြားသူများ စက်ချုပ်ပြိုင်ပွဲကို စတင်ကျင်းပရာ တက်ရောက်သူများနှင့် လုပ်ငန်း ကော်မတီဝင်များက ကြည့်ရှုအားပေးသည်။

အလားတူ မျက်မမြင်များသီချင်းဆိုပြိုင်ပွဲကို လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၌ကျင်းပရာ ၂၀၀၃ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာနဒုတိယညွှန်ကြားရေးမှူး ဦးမောင်မြင့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး အဆိုပါပြိုင်ပွဲသို့ ကြည့်မြင်တိုင် မျက်မမြင်ကျောင်း၊ မိတ္ထီလာမျက်မမြင် ကျောင်းနှင့် ခဝဲခြံ မျက်မမြင်ကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ထိုင်းနိုင်ငံ Shin Satellite Public Co.,Ltd ဥက္ကဋ္ဌ (President) Nongluck Phinain itisart နှင့်အဖွဲ့ဝင်များ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်း၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ကိုကိုးကျွန်း လေ့လာရေးခရီးစဉ်

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၏ ကူညီပံ့ပိုးမှုဖြင့် BDS(1 to 9)/ DML/DBL/DIL/DIR/DAPSY သင်တန်းသား၊ သင်တန်းသူများသည် ဒီဇင်ဘာ ၂၀ရက်(စနေနေ့) နံနက် ၁၀နာရီတွင် ကိုကိုးကျွန်းသို့ အပျော်စီးသင်္ဘောဖြင့် လေ့လာရေးခရီးထွက်ခွာမည်ဖြစ်သည်။ အခန်းနံပါတ်များကို တစ်ဦးချင်းစီ၏ လက်မှတ်များတွင် ဖော်ပြပေးထားပြီး သင်္ဘောတစ်စီးလုံး ဗဟိုလေအေးပေးစနစ်နှင့် သင်္ဘောရှိ အဆင့်မြင့်စားသောက်ဆိုင်၌ လွတ်လပ်စွာဝယ်ယူစားသောက်နိုင်သည်။ ခရီးစဉ် စ/ဆုံး သုံးညအိပ် လေးရက်ခရီးဖြစ်ပြီး လိုက်ပါကြမည့် သင်တန်းသား၊ သင်တန်းသူများနှင့် ပြင်ပမှမိတ်ဆွေ သူငယ်ချင်းများသည် ဦးလှမြင့် ဖုန်း-၀၉-၅၀၀-၁၁၂၃၊ ဦးမြင့်စိုး ဖုန်း-၂၂၄၄၈၉၊ ဦးမင်းနိုင် ဖုန်း-၀၉-၉၉-၂၆၁၂၆၊ဦးလှဦး ဖုန်း-၅၄၄၅၇၀၊ ကိုမျိုးနိုင် ဖုန်း-၅၂၆၇၂၂နှင့် ကိုစိုင်း ဖုန်း-၀၉-၅၀၀-၅၉၈၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က-ပ)

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေ ကြီးကြပ်ရေးကော်မတီညှိနှိုင်းစည်းဝေး

ရန်ကုန် နိုဝင်ဘာ ၂၇

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၏ (၁/၂၀၀၃) ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပခုက္ကူဦးအုံးဖေ စာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ထို့နောက် ကော်မတီ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က စာပေဆုနှင်းပွဲ ကျင်းပရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာမူဆုရွေးချယ်စိစစ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်(မောင်ဆုရှင်)က စာမူဆု ရွေးချယ်စိစစ်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးမှူး ဦးမြမောင်က ၂၀၀၃-၂၀၀၄ခုနှစ် ဘဏ္ဍာရေး အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ပညာရည်ချွန်ဆုချီးမြှင့်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ဆုကြေးငွေတိုးမြှင့်ရေးနှင့် ပခုက္ကူမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရေး ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေး အကြံပြု တင်ပြကြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၃)ရက်

INTERNATIONAL DAY OF DISABLED PERSONS

3rd December, 2003

"မသန်စွမ်းသူတို့ရင်တွင်းစကား၊ စာနာဆပွားအမေလေးထား"

"A Voice of Our Own"

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ကိုယ်ပိုင်အတတ်ပညာ စွမ်းအားများဖြင့် တည်ဆောက်ထားသည့် အခြေခံရလဒ်ကောင်းများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအသီးသီးတွင် အခြေခံရလဒ်ကောင်းများ ပေါ်ထွန်းလာစေရန် အရှိန်အဟုန်မြင့် ဖော်ဆောင်လျက်ရှိသည်။

ယင်းသို့ အကောင်အထည်ဖော်ရာတွင် တိုင်းရင်းသားအချင်းချင်း ထိတွေ့ ဆက်ဆံမှုများပြီး တစ်ဦးနှင့်တစ်ဦး ပိုမိုနားလည်ရင်းနှီး ချစ်ကြည်လာစေရေးနှင့် ဒေသတစ်ခုနှင့်တစ်ခုအကြား ကူးသန်းရောင်းဝယ် ဖောက်ကားခြင်းဖြင့် ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုဘဝမြင့်မား တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကဏ္ဍသည်လည်း အဓိကကဏ္ဍမှ ပါဝင်နေသည်။ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအနက် ရထားပို့ဆောင်ရေးကဏ္ဍတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနက နိုင်ငံတော်မှ ချမှတ်ပေးထားသည့် စီမံကိန်းများ၊ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းသစ်များ တိုးချဲ့ခဲ့ရာ ၁၉၈၈ ခုနှစ် မတိုင်မီက ရထားလမ်းအရှည် ၁၉၇၆ ဒသမ ၃၅ မိုင်သာ ရှိခဲ့ရာမှ ယခုအခါ ၂၉၉၈ ဒသမ ၃၆ မိုင် ရှိလာခဲ့သည်။ ပြည်သူ့အကျိုးပြု ရထားလမ်း ၁၀၂၂ ဒသမ ၀၁ မိုင် တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။ ဆက်လက်၍လည်း ရထားလမ်း ၁၄၅ မိုင်ကို ဖောက်လုပ်လျက်ရှိပြီး နောက်ထပ် လမ်းသစ် ၅၁၅ ဒသမ ၀၅ မိုင် ဖောက်လုပ်ရန် လျာထားသည်။

ရထားလမ်းပိုင်း အသီးသီးတွင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ တံတားကြီး၊ တံတားငယ် ၃၄၃၅ စင်း တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ အဆိုပါ ဖွံ့ဖြိုးတိုးတက်မှုများသည် ကိုယ်ပိုင်အတတ်ပညာ စွမ်းအားများဖြင့် တည်ဆောက်ထားသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံရလဒ်ကောင်းများပင်ဖြစ်သည်။

(ကြေးမုံ)

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ မွန်ပြည်နယ် ရေးမြို့နယ်၌ ရထားနှင့်ကားပါသွားလာနိုင်သည့် ရေးမြစ်ကူးတံတားကြီးကို တည်ဆောက်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက်က ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအပြီး ဒေသခံများစီးနင်းလိုက်ပါလာသော ရထားကြီး တံတားပေါ်မှ ဖြတ်သန်းခုတ်မောင်းလာစဉ်။ (အပေါ်ပုံ)နှင့် ဖွင့်ပွဲအပြီး ရေးမြစ်ကူးတံတားကြီးပေါ်တွင် တစ်ဖက်ကမ်း ချောင်းတောင်ကျေးရွာမှ ကျောင်းသူ၊ ကျောင်းသားများ ဖြတ်သန်းသွားလာကြစဉ်။ (အောက်ပုံ) (ဓာတ်ပုံ-မိုးမြင့်လှိုင်)



ရထားလမ်းဖောက်လုပ်

စစ်ကိုင်းတိုင်း ချောင်းဦးမှကလေးအထိ ရထားဖြင့် တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် ကျောနှင့်-ရေမျက်နီအကြား ပုံတောင်ပုံညာတောင်ကြောကိုဖြတ်၍ ရထားလမ်းဖောက်လုပ်လျက်ရှိရာ ရေမျက်နီအပိုင်းတွင် မြန်မာ့မီးရထားက ဖောက်လုပ်ထားသော ရထားလမ်းများကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-ခရမ်းစိုးမြင့်)

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သင်ကန်းကျွန်းချောင်းပေါ်တွင် နိုင်ငံတော်က တည်ဆောက်ပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ပြန်လည်ပြုပြင်ထိန်းသိမ်းထားသည့် ရထားကူး သံပေါင်တံတားကြီးကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-ရေချမ်းမြင့်)

အပြည်ပြည်ဆိုင်ရာ ဈေးပွဲတော်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association-MAWFA)က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာဈေးပွဲတော် (International Fair) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်ဝင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်စံယုံ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် ဇနီး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင် ဒေါ်ခင်ဆွေစိုး၊ ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဇနီး ဒေါ်လဲ့လဲ့ကြည်၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် တာဝန်ရှိသူများ၊ ဧကမ္ဘာကုမ္ပဏီနှင့် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်အုပ်စု ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အာဆီယံနိုင်ငံများနှင့် နိုင်ငံခြားသံရုံးများမှ အမျိုးသမီးသံအမတ်ကြီး၊ သံအမတ်ကြီးများ၏ ဇနီးများနှင့် သံတမန်အဖွဲ့ဝင်များ၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ယင်း အပြည်ပြည်ဆိုင်ရာ ဈေးပွဲတော်မှ ရောင်းချရငွေများကို မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်းနှင့် နိုင်ငံခြားသံရုံးများက လူမှုရေးအသင်းအဖွဲ့များသို့ လှူဒါန်းမည်ဖြစ်သည်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၇ရက်က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့အထိမ်းအမှတ် မြန်မာဝတ္ထုရှည် နှစ်တရာပြပွဲနှင့် စာအုပ်ဈေးပွဲတော်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်သိန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းတို့ လာရောက်ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

တောင်အာဖရိကနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဦးအုန်းသွင်အားပြောင်းရွှေ့ခန့်အပ်

ရန်ကုန် နိုဝင်ဘာ ၂၈

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်သံအမတ်ကြီး ဦးအုန်းသွင်အား တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်း ခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီး အဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

(သတင်းစဉ်)

ပစ္စည်းများကန်တော့

နိုဝင်ဘာ၂၇ရက်က ၁၃၆၅ခုနှစ် မြန်မာနိုင်ငံ စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိသော သက်ကြီးစာပေပညာရှင် ကမာရွတ်မြို့နယ်မှ ဆရာကြီးဦးဝန်(မင်းသုဝဏ်)အား ကန်တော့ငွေကျပ် ၆၀၀၀၀နှင့် ပစ္စည်းများဖြင့် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)နှင့် အဖွဲ့ဝင်များက ကန်တော့ကြစဉ်။

(သတင်းစဉ်)

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ကျင်းပပေးမည်ဖြစ်ရာ ပြည်နယ်တိုင်းအသီးသီးမှ (၈၊၉၊၁၀)တန်း ကျောင်းသူ၊ ကျောင်းသားများအတွက် အခြေခံပညာအဆင့်ပြိုင်ပွဲကို ၁၅-၁-၂၀၀၄ရက်တွင်လည်းကောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် သိပ္ပံကျောင်းသူ၊ ကျောင်းသားများအတွက် အဆင့်မြင့်ပညာ အဆင့်ပြိုင်ပွဲကို ၁၆-၁-၂၀၀၄ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ကျောင်းသူ၊ ကျောင်းသားများ ကြိုတင်လေ့လာထားနိုင်ရန် ပြဋ္ဌာန်းထားသောစာအုပ်များမှာ အခြေခံပညာအဆင့်အတွက် တပ်မတော်သမိုင်း အတွဲ(၁)မှ အတွဲ(၄)အထိနှင့် အဆင့်မြင့်ပညာအဆင့်အတွက် တပ်မတော်သမိုင်း အတွဲ(၅)မှ အတွဲ(၈)အထိ သတ်မှတ်ထားသည်။ ၎င်းအပြင်နှစ်ဆင့်စလုံးအတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော "ဖွံ့ဖြိုးဝေစည်မြန်မာပြည်"နှင့် ၂၀၀၃ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့သော မြန်မာ့ရုပ်မြင်သံကြားသတင်းများ၊ သီချင်းများ၊ ဇာတ်လမ်းများ၊ အထူးအစီအစဉ်များကိုလည်း လေ့လာထားရမည်ဖြစ်သည်။ ဖြေဆိုလိုသော ကျောင်းသူ၊ ကျောင်းသားများသည် သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခချုပ်များထံ သတင်းပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

မော်လမြိုင် စက်မှုလက်မှုအထက အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

မော်လမြိုင် စက်မှုလက်မှုအထက တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၃ ရက်(စနေနေ့) နံနက် ၈နာရီတွင် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်ရှိ မော်လမြိုင်ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးဆန်းဦး ဖုန်း-၀၉-၉၉-၂၈၀၄၃၊ ဦးလှဟန် ဖုန်း-၀၁-၅၇၂၃၇၅၊ ဦးကြည်မြင့် ဖုန်း-၀၉-၅၀-၂၁၇၇၅ နှင့် ဦးထွန်းလွင် ဖုန်း-၀၁-၇၂၄၇၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

(၁-၁၂-၂၀၀၃)

World AIDS Day

အိဒ်စ်ရောဂါ ကြုံတွေ့သူ၊ ကြည်ဖြူစာနာ လက်တွဲကူ

Live and Let Live

ကျန်းမာရေးဝန်ကြီးဌာန

ဆဲဗင်းဒေးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၆)ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

ကမ္ဘာကျော် ရီးလင်းစတုန်းစ်ဂီတအဖွဲ့မှ မစ်ဂျက်ဂါ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်၊ ပုဂ္ဂလိက မြို့ပတ်ရထား မကြာမီပြေးဆွဲရန် ပြင်ဆင်၊ ၂၀၀၂အတွက် အကယ်ဒမီပေးပွဲ မကြာမီကျင်းပမည်၊ ရွှေရတုအထိမ်းအမှတ် ဖြစ်သဖြင့် ယခင်နှစ်များကထက် ထူးခြားမည်၊ ရုရှားဘဲကြီးများ ရခိုင်တွင် ဆောင်းခို၊ လေးနိုင်ငံတစ်ဗီဇာစနစ် ကျင့်သုံးလာဖွယ်ရှိ စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ဆဲဗင်းဒေးနယူးစ်ဂျာနယ် ထွက်ရှိလာသည်။ နိုင်ငံတကာသတင်းများ၊ ကျန်းမာရေး၊စီးပွားရေး၊ဖျော်ဖြေရေး၊ အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House ဖုန်း-၇၀၃၈၁၃က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ **(ယာပုံ)** (က-ပ)

ရေသန့်နည်းပညာအဆင့်မြင့်ဆန်းသစ်တီထွင် အထူးလျှော့ဈေးဖြင့်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၇

Supreme Enterprises Ltd. မှ ရေသန့်စင်မှုဆိုင်ရာ နည်းစနစ်အမျိုးမျိုး

နှင့် စက်ကိရိယာအမျိုးမျိုး၊ ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ Filter အမျိုးမျိုးနှင့် စက်အပိုပစ္စည်းများ၊ ပလတ်စတစ်ဘူးထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာအမျိုးမျိုးတို့ကို နိုင်ငံတကာအတွေ့အကြုံရှိ ပါရဂူကြီးများ၊ အဆင့်မြင့် ဘွဲ့ရအင်ဂျင်နီယာများကိုယ်တိုင် တာဝန်ယူ၍ ဝယ်ယူအပ်နှံသူများစိတ်တိုင်းကျ ဖြစ်စေရန်နှင့် အာမခံမှုအပြည့်အဝရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ဆက်သွယ်စုံစမ်းနိုင်

ရုံးသစ်ပြောင်းရွှေ့ဖွင့်လှစ်မှု အထိမ်းအမှတ်အနေဖြင့် ၂၀၀၃ခုနှစ် နိုဝင်ဘာ ၃၀ရက်အထိလာရောက်ဝယ်ယူအားပေးကြသောမိတ်ဟောင်း၊မိတ်သစ်များအား အထူးလျှော့ဈေးနှင့်တကွ လက်ဆောင်ပစ္စည်းများကိုပါပေးနေသည်။

အသေးစိတ် သိရှိလိုပါက Supreme Enterprises Ltd. အမှတ် (၈၇/၈၈)ဗဟိုစည်အိမ်ရာဝင်း ဗိုလ်ချုပ်အောင်ဆန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၉၇၉၄၊ ၂၂၉၇၉၅၊ ၂၂၉၇၉၆၊ Fax: - ၂၂၉၇၅၃တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

စည်ပင်သာယာလုပ်ငန်းများ စစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၇

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် ညွှန်ကြားရေးမှူး(အင်ဂျင်နီယာ) ဦးဌေးညွန့်နှင့်အတူ နိုဝင်ဘာ၂၃ရက် နေ့လယ်ပိုင်းတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး အမှုဆောင်အရာရှိ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများအား တွေ့ဆုံပြီးနောက် မြို့တွင်းလမ်းများကိုလှည့်လည်စစ်ဆေးသည်။

ဆက်လက်၍ မြစ်ကြီးနားမြို့၌ စိမ်းမြရေပန်းခြံနှင့် မြို့တွင်းလမ်းများကို စစ်ဆေးသည်။

နိုဝင်ဘာ၂၄ရက် နံနက်ပိုင်းတွင် မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာတွင်း လမ်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မန်ရွှတ်-ကျော်ကုန်း ကျေးရွာချင်းဆက်သွယ်သည့် တံတားဆောက်လုပ်နေမှုများကို စစ်ဆေးသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ၂၅ရက်တွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကချင်ပြည်နယ်စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။ (က-ပ)

ဆေးပညာနှီးနှောဖလှယ်ပွဲ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ ပဥ္စမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို ဒီဇင်ဘာ ၅ရက်နှင့် ၆ရက်တို့တွင် မြန်မာနိုင်ငံဆရာဝန်များအသင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ ဆရာဝန်များနှင့် ဓာတ်မှန်ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

မဟာစည်တရားစခန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ချမ်းမြေ့အေးဓမ္မာရုံကြီးတွင် ဒီဇင်ဘာ ၇ရက်မှစ၍ နိုင်ငံတော်သံဃမဟာ နာယက ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပြည်တွင်းပြည်ပမဟာစည် နာယက ဘဒ္ဒန္တကောသလ (သရက်) ဆရာတော်ကြီးက တရားစခန်းဖွင့်လှစ်၍ အေးမြချမ်းသာမဟာစည်ရိပ်သာ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ သီရိဓမ္မ (ဘီအေပါဠိဂုဏ်ထူး) ဆရာတော်နှင့် ပြည့်စုံအေး-တောင်ငူဆရာတော်စသော မဟာစည်ကမ္မဋ္ဌာနာစရိယဓမ္မကထိကဆရာတော်များက ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းမတည် အလှူရှင် ဦးဝင်းသိန်းနှင့် တူမ ဒေါ်အေးတင့်တို့ကလည်းကောင်း၊ ချမ်းမြေ့အေးဂေါပကအဖွဲ့နှင့် ကုသိုလ်ရှင်များက လည်းကောင်း စရိတ်ငြိမ်းအားထုတ်ရန်လှူဒါန်းမည်ဖြစ်ရာ ယောဂီ ၅၀လက်ခံမည်ဖြစ်၍ ဖုန်း-၅၈၁၀၄၂သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်မှ အပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ခုနှစ်၊ နိုဝင်ဘာလအတွက်

နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀-၁၁-၂၀၀၃)ရက်နေ့

၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလအတွက်

(၁၄-၁၂-၂၀၀၃)ရက်နေ့ နှင့် (၂၈-၁၂-၂၀၀၃)ရက်နေ့

ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်ကြည်ညို

ရန်ကုန် နိုဝင်ဘာ ၂၇

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isarangura နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ညဇနာရီ၄၅မိနစ်တွင် ရွှေတိဂုံစေတီတော်ကို သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ရှင်းလင်းပြသ

ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့ဝင်များအား ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး စေတီတော်သမိုင်းနှင့် သာသနိကအဆောက်အအုံများအကြောင်းကို လိုက်လံရှင်းလင်းပြသကြသည်။

ကပ်လှူပူဇော်

ထို့နောက် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးနှင့်အဖွဲ့သည် စေတီတော်အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၌ ပန်း၊ဆီမီးများကပ်လှူပူဇော်ကြပြီး စေတီတော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် အဖွဲ့ဝင်များသည် အလှူငွေများထည့်ဝင်လှူဒါန်းကြပြီး စေတီတော်အား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

(သတင်းစဉ်)

ဝေဒအခါပေးပြက္ခဒိန်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၇

လစဉ် မင်္ဂလာအခါပေး ပြက္ခဒိန်၊ မင်္ဂလာအခါရက်များ၊ ဂြိုဟ်ပြောင်း၊ လဂ်၊စန်း၊ ရာသီဖွားအဟော၊ နေထွက်နေဝင်၊ လထွက် လဝင်ချိန်၊ နေလကြတ်ချိန်နှင့် ဓနသိဒ္ဓိ စန်းယှဉ်ချိန်များစုံလင်စွာဖြင့် မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့ အမှတ်၁၇၁၊ ၂၈လမ်း၊ (အထက်)၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၇၉၈၃၊ Email: Mastrorb. Myanmar. Com. mm မှ ထုတ်ဝေသော မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့ မင်္ဂလာအခါပေး ဗေဒင်ပြက္ခဒိန်ကို ဆန်းစတား ပိုစတာပြက္ခဒိန်ဖြန့်ချိရေး၊ အမှတ်၁၅၁၊ ရုံ(၂)၊ ဗိုလ်ချုပ်ဈေးသစ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၉၄၇၅-၅၂၃၊ အမှတ်-၁၁၅၊၂၉လမ်း၊ ၈၀x၈၁လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၃၁၀၅၅၊ ပထမထပ်ရုံနှင့်ရုံကြား ဈေးချို မန္တလေးမြို့၊ ဖုန်း-၀၂-၆၀၉၆၆-၅၀၄၂က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။

(က-ပ)

မနောမယ အတွေးများထုတ်ဝေ

ရန်ကုန် နိုဝင်ဘာ ၂၇

နန့်ချစ်ကြည်စာပေမှ စီစဉ်သော ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) ၏ မနောမယအတွေးများ စာအုပ်ကို ဝင်းရတနာစာပေမှ ထုတ်ဝေ၍ ပါရမီစာပေက ဖြန့်ချိသည်။ ယင်းစာအုပ်တွင် လဲကျတာရက်စရာမဟုတ်ဘူး၊ပြန်မထနိုင်ရင်သာရက်စရာ စသည့်ဆောင်းပါးပေါင်း ၃၄ပုဒ်ကို စုဆောင်းဖြန့်ချိထားသည်။ **(အပေါ်ပုံ)** (က-ပ)

မြန်မာ-တရုတ် ချစ်ကြည်ရေး တင်းနစ်လက်ရည်စမ်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးတင်းနစ် လက်ရည်စမ်းပွဲ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကရဝိက်နန်းတော်၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd)၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ-တရုတ် တင်းနစ်အားကစားအဖွဲ့ခေါင်းဆောင်များနှင့် အားကစားသမားများ၊ မြန်မာနိုင်ငံတွင် မြန်မာတင်းနစ် အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်နေသည့် ထိုင်းနိုင်ငံမှ တင်းနစ် အားကစားအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တင်းနစ်အားကစားအဖွဲ့မှ အဖွဲ့ခေါင်းဆောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အကျိုးရှိခဲ့

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်က ယခုကဲ့သို့ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမတိုင်ခင် လာရောက်ကစားပေးသည့်အတွက် မြန်မာ့တင်းနစ်အားကစားအဖို့ အထူးပင်အကျိုးရှိခဲ့ကြောင်း ပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တင်းနစ်အားကစားအဖွဲ့အား အမှတ်တရလက်ဆောင်ပေးအပ်သည်။

အမှတ်တရလက်ဆောင်

ယင်းနောက် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် (Max Myanmar Co.,Ltd)က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တင်းနစ်အားကစားအဖွဲ့အား လည်းကောင်း၊ အတွင်းရေးမှူး ဒေါက်တာတင်အောင်လင်းက မြန်မာနိုင်ငံတွင် မြန်မာတင်းနစ် အားကစားသမားများနှင့် ပူးပေါင်းလေ့ကျင့်နေသည့် ထိုင်းနိုင်ငံ တင်းနစ်အားကစားအဖွဲ့မှ နည်းပြအဖွဲ့အားလည်းကောင်း အမှတ်တရလက်ဆောင်များ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာတုန်းတာ ကုန်စည်ပြပွဲ-၂၀၀၃ ပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

မြန်မာတုန်းတာ ကုန်စည်ပြပွဲ ၂၀၀၃ တွင် ပန်းချီရေးဆွဲ ယှဉ်ပြိုင်ပွဲ ဆုပေးပွဲကို ပြပွဲဒုတိယနေ့က ကျင်းပရာ Tong Tah Co.,Ltd မှ President Mr. Peter Loh က အလယ်တန်းအဆင့် ဆုရသူအား ထူးချွန်ဆု ပေးအပ်စဉ်။

(သတင်းစဉ်)

ရန်ကုန် နိုဝင်ဘာ ၂၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ပုဇွန်တောင်မြို့နယ် ရန်ကုန် ကုန်သွယ်မှုဗဟိုဌာနတွင် ဖွင့်လှစ်ပြသလျက်ရှိသော မြန်မာတုန်းတာ ကုန်စည်ပြပွဲ-၂၀၀၃ ၌ ပန်းချီရေးဆွဲယှဉ်ပြိုင်ပွဲ ဆုပေးပွဲကို ယနေ့ညနေ ၄ နာရီတွင် အဆိုပါ ကုန်သွယ်မှု ဗဟိုဌာန၌ ကျင်းပရာ ထူးချွန်ဆုရရှိကြသော ဝါသနာရှင်အဆင့် ၁၀ဦး၊ အထက်တန်း အဆင့် ၁၁ဦး၊ အလယ်တန်းအဆင့် ရှစ်ဦး၊ မူလတန်းအဆင့်(၁)မှ၁၀ဦး၊ အဆင့်(၂)မှ ရှစ်ဦးတို့အား Pentel Co., Ltd မှ Mr. Kojo Takase၊ Tong Tah Co., Ltd မှ President Mr. Peter Loh နှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်လတ်တို့က ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အကဲဖြတ်အဖွဲ့ဝင်များဖြစ်ကြသော မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ နာယက ဦးဝင်းနိုင်၊ ဥက္ကဋ္ဌ ဦးသောင်းဟန်၊ အတွင်းရေးမှူး ဦးသန့်စင်(ပန်းချီလှတင်ထွန်း)၊ ရန်ကုန်ပန်းချီ ကျောင်းအုပ်ကြီး ဦးကျော်အုန်း၊ ယဉ်ကျေးမှုတက္ကသိုလ်ပန်းချီကထိကဦးသစ်လွင်စိုးတို့အား Tong Tah Co., Ltd မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်လတ်က ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

Myanmar P.G.Aနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

Myanmar P.G.A နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003) ၏ စတုတ္ထပွဲစဉ် Myanmar P.G.A နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဂေါက်သီးရိုက်ပြိုင်ပွဲကို ယမန်နေ့နံနက် ၈ နာရီတွင် ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club၌ ဆက်လက်ကျင်းပသည်။

ဦးဆောင်ကစား

ပြိုင်ပွဲ၏ ဒုတိယနေ့ (၁၈)ကျင်းကစားအပြီး၌ Professional Golfersပြိုင်ပွဲတွင် မြင့်ရွှေ (Wilson) က သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ပြီး ၇၁+၆၉ပေါင်း ၁၄၀ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဇော်ဇော်လတ် (Pan-West) က ၆၈+၇၄ပေါင်း ၁၄၂ချက်ဖြင့် ဒုတိယ၊ လက်ရှိချန်ပီယံစိုးကျော်နိုင် (Pan-West)က ၇၀+၇၃ပေါင်း ၁၄၃ချက်ဖြင့် တတိယနှင့် အောင်ဝင်း (Y.C.D.C) က ၇၁+၇၃ပေါင်း ၁၄၄ချက်ဖြင့်စတုတ္ထလိုက်နေကြသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ၇၂+၇၃ပေါင်း ၁၄၅ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ယဉ်အောင်လတ်က ၇၄+၇၂ပေါင်း ၁၄၆ချက်ဖြင့် ဒုတိယ၊ မျိုးမင်းအောင်က ၇၄+၇၃ပေါင်း ၁၄၇ချက်ဖြင့် တတိယနှင့် အောင်အောင်ကျော်က ၇၂+၇၆ ပေါင်း ၁၄၈ချက်ဖြင့် စတုတ္ထလိုက်နေကြသည်။

အမျိုးသမီး အပျော်တမ်းပြိုင်ပွဲ၏ ပထမနေ့(၁၈)ကျင်း ပြိုင်ပွဲအပြီး

မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလား Professional Golfersပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော မြင့်ရွှေ (Wilson) ယှဉ်ပြိုင်စဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

အကျော့မဲ့(Scratch)ပြိုင်ပွဲ၌ လက်ရှိချန်ပီယံ ခင်ခင်သူ (Y.C.D.C)က (၇၇)ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ခင်မာညွန့်က(၇၉)ချက်ဖြင့် ဒုတိယနှင့် မြင့်မြင့်သိန်းနှင့် ဆွေဆွေဝင်းတို့က (၉၁)ချက်စီဖြင့် တတိယလိုက်နေကြသည်။

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd က တာဝန်ယူပြီး 'Official Air Line အဖြစ် Air Mandalay ကလည်းကောင်း၊ Official Sports Wear အဖြစ် Grand Slam (Munsing Wear) ကလည်းကောင်း၊ Official Drinking Water အဖြစ် Loi-Hein (Alpine)ကလည်းကောင်း၊ Official Golf Equipment Supplierအဖြစ် K.M Golf Centre၊ Maruman နှင့် Wilson တို့က လည်းကောင်း၊ Official Office Equipment Supplierအဖြစ် Canonကလည်းကောင်း၊ Official Paint Supplier အဖြစ် U.P.G ကလည်းကောင်း၊ Hole-In-One ဆုကို Sun Far Travels And Tourကလည်းကောင်း၊ Pan-West နှင့် Eastern Pro Enterprise Ltd., တို့က လည်းကောင်း အသီးသီး ပံ့ပိုးကူညီပေးကြသည်။

စတုတ္ထပွဲစဉ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

တတိယနေ့ အမျိုးသား(၁၈)ကျင်းပြိုင်ပွဲနှင့် အမျိုးသမီး ဒုတိယနေ့(၁၈)ကျင်း ပြိုင်ပွဲများကို နိုဝင်ဘာ ၂၇ရက်တွင် ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ရေချိုရေငန်ပုစွန်သားပေါက်များ ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတော်အစိုးရက ရေချို၊ ရေငန်ပုစွန်မွေးမြူရေး လုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိသဖြင့် လုပ်ငန်းရှင်များသည်ရေချို၊ ရေငန်ပုစွန်မွေးမြူခြင်း၊ သားဖောက်၍ ရောင်းဝယ်ခြင်းလုပ်ငန်းများကို မြန်မာပြည် အနှံ့အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိသည်။

Capricon., Co. LTD. စူပါဗီ ရေချိုရေငန် ပုစွန်သားဖောက်လုပ်ငန်းမှ လည်း ကြံ့ခိုင်မှုရာခိုင်နှုန်း ပြည့်ဝပြီး PCRစစ်ဆေးခြင်း ပြုလုပ်ပြီးမှ အာမခံချက်အပြည့်အဝဖြင့် ရေချိုပုစွန်၊ ရေငန်သားပေါက်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချလျက်ရှိသည်။ ဝယ်ယူလိုသူများအနေဖြင့် တစ်လကြိုတင်မှာကြားနိုင်သည်။

အထက်ပါကုမ္ပဏီနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့သည် ၂၀၀၃ခုနှစ်က ကျောက်တန်းမြို့နယ် အောင်ချမ်းသာရေငန်ပုစွန်မွေးမြူရေးစခန်း၌ အကျိုးတူပူးပေါင်းဆောင်ရွက်ရာ အလွန်အောင်မြင်ခဲ့ကြောင်းသိရသည်။ ရေငန်ပုစွန်မွေးမြူရေး နည်းပညာ အကြံပေးဆောင်ရွက်ခြင်းများလည်း လုပ်ကိုင်ပေးသည်။

လုပ်ငန်းနှင့် ပတ်သက်၍ ဆက်သွယ်လိုပါက ရန်ကုန်ရုံးချုပ် အမှတ်(၁၆၁)၊ ၃၄လမ်း၊ ဖုန်း-၀၁-၂၅၂၆၀၄၊ ၀၉၅၀-၁၁၇၀၂၊ ရုံးခွဲ အမှတ်(၄၄၃)၊ ကျိုက္ကဆံလမ်း၊ ဖုန်း-၀၁၅၄၁၆၈၈၊ နှင့် ပုသိမ်မြို့ ချောင်းသာကမ်းခြေ၊ မကျီးလမ်းခွဲထိပ် သားဖောက်စခန်း ဖုန်း-၀၄၂-၂၄၈၈၀၊ ၂၄၈၈၁၊ ၂၄၈၈၂၊ ၂၄၈၈၃၊ (Ext၃၆၃) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

မွေးနေ့နှင့်မင်္ဂလာနှစ်ပတ်လည် ဆုတောင်း

ချစ်ဇနီး"မို့" B.Sc. (Maths), (Hons), M.Sc 1st. Semester ၏ ၂၈-၁၁-၂၀၀၃ ရက်တွင် ကျရောက်သောမွေးနေ့နှင့် ၁၆-၁၁-၂၀၀၃ရက်တွင် (၆)နှစ်ပြည့် မြောက်ခဲ့သည့် မင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်ခင်ပွန်း၊ ချစ်သားသမီးများနှင့်အတူ ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပါစေ။

ချစ်ခင်ပွန်း-ဗိုလ်မှူးသက်ဦး
ချစ်သားကြီး-အံ့မင်းသက်(ခ)အာဂူး။



အမွေဆက်ခံရန်သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်အက်ဥပဒေပုဒ်မ–၃၇၃
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
၂၀၀၃ခုနှစ် တရားမအထွေထွေမှုအမှတ် – ၁၁၅

ဒေါ်နုနုရီ
အမှတ်(၂၁၂/၂)ကရဝိက်လမ်း၊
၁၄/၂ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ **လျှောက်ထားသူ**

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကရဝိက်လမ်း၊ အမှတ်(၂၁၂/၂)နေ ဒေါ်နုနုရီက ကွယ်လွန်သူ ဦးဝမ်ကြည်၏ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ဦးဝမ်ကြည်၏အမည်ဖြင့် စုဆောင်းကျန်ရှိသည့် စုဆောင်းငွေများအပေါ် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ကွယ်လွန်သူ ဦးဝမ်ကြည်တွင် ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၅ရက်(၁၃၆၅ခုနှစ် နတ်တော်လဆန်း ၁၂ရက်)နေ့ နံနက်၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်နုနုရီ၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်စာရသင့်၊ မရသင့်သည့် အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂၄ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စန္ဒာသွယ်(ခရိုင်တရားသူကြီး)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။



ဒေါ်တင်ထိုင် B.A [Eng] ဦးစီးသော
SUPER-A-ONE
Interview
Tourism, Hotel, Company, Student Visa Grammar,
511231

ဖြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးအမိန့် – ၅၊ နည်းဥပဒေ – ၂၀
သံတွဲခရိုင်တရားရုံးတော်
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် – ၁၁

ဒေါ်ခင်လေး **နှင့်** ဦးဇော်မင်းမျိုးပါ–၇ ဦး
တရားလို **တရားပြိုင်များ**

ဦးအောင်အောင်၊ ဦးကျော်ဝင်း (ယခုနေရပ်လိပ်စာမသိ)မှ/တစ်ဆင့် ဦးညွန့်ဝေ [၉/စသန(နိုင်)၀၀၂၅၂၆] အမှတ်–၆၆၃၊ ရတနာပုံ(၈)လမ်း၊ အေးနန္ဒာအိမ်ရာ၊ အပိုင်း(၂) သာကေတ၊ ရန်ကုန် သိစေရမည်။

သင်တို့အပေါ်၌ အထက်အမည်ရေးသားဖော်ပြပါ တရားလိုက ငွေကျပ် ၃၀၀၀၀၀၀ (ကျပ်သိန်းသုံးဆယ်တိတိ)ကိုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၅ရက် (၁၃၆၅ခုနှစ် နတ်တော်လဆန်း ၁၂ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီ အချိန်တွင်ဖြစ်စေ၊ သို့မဟုတ် သတင်းစာတွင် ထည့်သွင်းကြော်ငြာသည့်နေ့မှစ၍ (၁)လ အတွင်း အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။

၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့၏ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကသိရှိလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်တို့၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်ဖြစ်သည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၇ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်လှ(ခရိုင်တရားသူကြီး)။

ဖြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဥပဒေအမိန့် – ၅၊ နည်းဥပဒေ – ၂၀
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ် – ၈၁၂

ဒေါ်စန်း **နှင့်** ၁။ ဦးညွှန့်မောင်၊ ၂။ ဦးတင်နိုင်၊ ၃။ ဦးစိုးမင်း
တရားလို **တရားပြိုင်များ**

ဦးစိုးမင်း အမှတ်(၇၄၁)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ၂၅–၃–၉၉ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် အမှတ်–၂၆၂၇/၉၉အားပယ်ဖျက်၍အမှတ်(၂)၊(၃) တရားပြိုင်များလက်ဝယ်ရှိ အခန်းများအား လက်ရောက်ရလိုမှု (သို့တည်းမဟုတ်) နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀၀/– ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၉ရက်(၁၃၆၅ခုနှစ် နတ်တော်လပြည့်ကျော် ၁ရက်)နေ့ မွန်းမတည့်မီ နံနက် ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၇ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြသိမ်း(တွဲဖက်တိုင်းတရားသူကြီး–၁၅)
ရန်ကုန်တိုင်းတရားရုံး၊ ရန်ကုန်မြို့။

စက်မှုလက်မှုသိပ္ပံ(G.T.I)ကျောင်းသားဟောင်းများ၏

အငြိမ်းစားဆရာ/မများ ဦးခိုက်ကန်တော့ပွဲ

အငြိမ်းစားဆရာ/မများ ဦးခိုက်ကန်တော့ပွဲ

G.T.I ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ G.T.I ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက်(၆၀)နှစ်ပြည့် ဆရာကြီး၊ ဆရာမကြီးများအား အငြိမ်းစားဆရာ/မများ ဦးခိုက်ကန်တော့ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် မပျက်မကွက်တက်ရောက်လှူဒါန်းပူဇော်နိုင်ပါရန် ကျောင်းသား၊ ကျောင်းသူဟောင်းများအား အသိပေးနှိုးဆော်အပ်ပါသည်။

ကျင်းပမည့်နေ့ –၇–၁၂–၂၀၀၃ (တနင်္ဂနွေနေ့) နံနက် ၉:၀၀နာရီ

ကျင်းပမည့်နေရာ –ရွှေကျင်နိကာယ၊ သာသနာ့လက်ရာမဟာမွေ့မိမာန်ကြီး၊ ဗဟန်း

ဆက်သွယ်လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ–

ဦးရန်ဝင်း (အင်းစိန်၊ G.T.I) ဖုန်း–၂၄၁၉၀၅၊ ၂၄၅၃၂၄

ဦးကြည်လင်း (အင်းစိန်၊ G.T.I) ဖုန်း–၀၉–၅၀၀–၆၃၆၅

ဦးငွေအောင် (ပြည်၊ G.T.I) ဖုန်း–၂၄၃၁၃၀၊ ၂၄၃၁၃၁

ဦးဇော်ဝင်း (ကလော၊ G.T.I) ဖုန်း–၅၅၈၂၉၄၊ ၅၅၈၂၉၅

ဦးကျော်ကျော်စိုး (မန္တလေး၊ G.T.I) ဖုန်း–၅၂၇၀၁၈

ဦးမျိုးချစ် (ချောက်၊ G.T.I– ဖုန်း–၂၂၂၈၀၄၊ (Ex:၁၀၇)

ဦးခင်ဇ (ရုံးအဖွဲ့မှူး) ဖုန်း–၆၄၀၀၆၂

အငြိမ်းစားယူသွားကြသော အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများ ကိုတင်အကြောင်းကြား ဆက်သွယ်ရန်လိပ်စာ ဦးအောင်ကျော်ညွှန့် (လ/ထ ကထိက၊ ငြိမ်း၊ G.T.I၊ အင်းစိန် ၆၄၀၀၆၂)၊ ဦးအုန်းမောင် (မန္တလေး G.T.I၊ လ/ထ ကထိက၊ မြို့ပြ၊ ၀၂–၆၅၁၀၁)

Golden Hope Int'l Ltd.
203377, 703220

အမည်ပြောင်းခြင်း

ဦးတင်အောင်မိုး၏သား လသာမြို့နယ်၊ အထက(၁)၊ တတိယတန်း(A)မှ မောင်ဇင်ရှိုင်းအား ယနေ့မှစ၍ မောင်ဇင်ရှိုင်းလင်းဟု ပြောင်းလဲခေါ်ကြပါရန်။

မောင်ဇင်ရှိုင်းလင်း။

ယာဉ်မောင်းအလိုရှိသည်

အသက်–၃၀မှ၄၅နှစ်အတွင်း
လုပ်သက်–(၃)နှစ်
ဆက်သွယ်ရန်–၅၄၄၆၁၃၊
ရွှေဂုံပလာဇာ၊ အိမ်စီးကား
(1992 Model) မောင်းရန်။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ယ/၂၀၀၁ရလက်ဝယ်ရှိသူမှ မော်တော်ယာဉ် မှတ်ပုံတင် စာအုပ် (ကမ–၃)မိတ္တူ ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန(မော်လမြိုင်)။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ထ/၉၁၂၉ မော်တော်ယာဉ် လက်ဝယ်ရှိသူ မှတ်ပုံတင်အမှတ်မှ မော်တော်ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း (၃၀)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အနောက်ပိုင်းခရိုင်ရုံး(ရန်ကုန်)သို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

ကညန၊ ရန်ကုန်တိုင်း။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ – အမည်	လျှောက်ထားသူ – မှတ်ပုံတင်	လျှောက်ထားသူ – ထိုင်စာ	လျှောက်ထားသည့် – မြို့နယ်	လျှောက်ထားသည့် – မြေတိုင်း	လျှောက်ထားသည့် – မြေကွက်	လျှောက်ထားသည့် – မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဦးအောင်မြင့်	၁၂/လမတ(နိုင်)၀၀၇၄၃၅	၅၁၀၊ ကမ်းနားလမ်းလမ်းမတော်၊ ရန်ကုန်	သာကေတ	၁၀/မြောက်	၇၁	ဦးမောင်မောင်	အမည်ပြောင်း
၂။	ဒေါ်စုစု(ခ)ဒေါ်စိန်စိန်စစ်	၁၂/ကမရ(နိုင်)၀၃၃၂၃၄	၁၁၀ D အင်းလျားလမ်း	ကမာရွတ်	၃၆–B	၁၄D/6A ၂၂	ဦးလှဝင်း+၃	အမည်ပြောင်း
၃။	ဒေါ်စုစု(ခ)ဒေါ်စိန်စိန်စစ်	၁၂/ကမရ(နိုင်)၀၃၃၂၃၄	၁၃၀ E/၂ သံလွင်လမ်း	ကမာရွတ်	၃၆–D	၂6A/၉–၂	[illegible]	အမည်ပြောင်း
၄။	[illegible]	၁၃/ကတတ(နိုင်)၀၂၄၃၉၂	၅၃၊ ကျွန်းတောလမ်း စမ်းချောင်းမြို့နယ်	တောင်ဥက္ကလာ	၃	၁၉၈	ဦးဝင်းအောင်+၁	အမည်ပြောင်း
၅။	ဦးအောင်ကြိုင်	၁၂/မဂတ(နိုင်)၀၄၉၇၈၅	၂၉၊ ၁–လမ်း [illegible]	မင်္ဂလာတောင်ညွန့်	၄ B	၉၇	ဦးအောင်ကြိုင်	ဂရန်မြှင့်
၆။	ဒေါ်မြို့ဆီလွန်း+၁	၁၂/လမန(နိုင်)၀၄၇၅၀၉	၁၄၄ ဦးချိုလမ်း (ဂ)ရပ်ကွက် လှိုင်	လှိုင်	၁၅	၆၁/ဂ	မောင်သာထွန်း+၁	အမည်ပြောင်း
၇။	ဦးနေမျိုးထွန်း	၁၃/လသရ(နိုင်)၁၀၈၉၄၄	၄၁ ပါရမီလမ်း (ဂ)ရပ်ကွက် ရန်ကင်း	ရန်ကင်း	၄၂/ခ	၁၄/၄၃	ဦးသက်ဦး	အမည်ပြောင်း
၈။	ဦးလှသန်း	၅/မလန(နိုင်)၀၀၂၄၇၄	၂၄၊ အနော်မာ(၁၅)လမ်း ၂မြောက်ရပ်ကွက်	သာကေတ	၂မြောက်	၁၂၀(က)	ဦးလှသန်း	ဂရန်မြှင့်
၉။	ဦးလှဆောင်	၁၂/မရက(နိုင်)၀၈၀၇၄၄	၄၄/ခ မေလီခလမ်း (၁၀)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၅၀	၄၄/ခ၇	ဦးလှထွန်း+၁	အမည်ပြောင်း
၁၀။	ဦးလှဆောင်	၁၂/မရက(နိုင်)၀၈၀၇၄၄	၄၄/ခ မေလီခလမ်း (၁၀)ရပ်ကွက် မရမ်းကုန်း	မရမ်းကုန်း	၅၀	၄၄/ခ၂	ဦးလှထွန်း+၁	အမည်ပြောင်း
၁၁။	[illegible]	၁၂/တာမန(နိုင်)၀၀၈၂၄၃	၄၆ စိန္တာသုခလမ်း တာမွေ	တာမွေ	၄–C ဂ၃	၁၆၀	Ma Saw Khin	ဂရန်သစ်
၁၂။	ဦးထွန်းနိုင်	၁၂/တာမန(နိုင်)၀၀၂၄၂၄	၄၃ စိန္တာသုခလမ်း	တာမွေ	၄ C ဂ၃	၁၆၇	[illegible]	ဂရန်သစ်
၁၃။	ဒေါ်ခင်ဝင်းမေ	၁၄/မအန(နိုင်)၀၀၅၆၆၃	၃၅/ခ အနော်ရထာလမ်း	ရန်ကင်း	၁ ကံတော်	[illegible]	[illegible]	အမည်ပြောင်း
၁၄။	ဒေါ်မာလာဉာဏ်+၂	၁၂/တာမန(နိုင်)၀၅၂၄၇၁	၃၃၇ ကျိုက္ကဆံလမ်း	တာမွေ	၃ A	၃ ၊ ၅၃	မင်း + ကိုရွှေ	[illegible]
၁၅။	ဒေါ်မြမြ+၁	၁၂/မရက(နိုင်)၀၅၂၀၀၅	၉၁၀–ခ [illegible]လမ်း	မရမ်းကုန်း	၁၇	၉/က၁၀/၁	ဒေါ်နှင်းလှ	အမည်ပြောင်း
၁၆။	ဦးတင်လှ	၁၂/တာမန(နိုင်)၀၅၄၅၂၇	၄၈ ကျောက်ကွက်သစ်လမ်း	တာမွေ	၄ C ၉၀	၄	ဦးအောင်သိန်းဟန်	အမည်ပြောင်း
၁၇။	ဒေါ်စိစိသိန်း	၁၂/ရကန(နိုင်)၀၂၈၀၁၁	၂၊ အဓိပတိလမ်း (၁၅)ရပ်ကွက် ရန်ကင်း	ရန်ကင်း	၄ ကံတော်	၁၁၅/၄	ဒေါ်မြမြ+၂	[illegible]
၁၈။	ဦးခင်မောင်တင့်+၁	၁၂/အစန(နိုင်)၀၅၉၉၆၈	၁၇၉ [illegible]	[illegible]	၅၃ ၂/B	၁၇၉	[illegible]	ဂရန်သစ်
၁၉။	ဒေါ်လှသန်း	၁၂/အစန(နိုင်)၀၅၉၄၈၈	၁၂ [illegible] အင်းစိန်	အင်းစိန်	၇ A	[illegible]	[illegible]	အမည်ပြောင်း
၂၀။	[illegible]	၉/မမန(နိုင်)၀၂၂၂၉၀	[illegible]	တာမွေ	၃၄ B	၆၀	Ma Shidikhan	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

Golden Flower Construction

ကမာရွတ်မြို့နယ်၊ဘုရင့်နောင်လမ်းမ(ရေစကြောင်းသိပ္ပံရှေ့)

ရန်ကုန်မြို့၏ကုမ္ပဏီကြီးများစုဝေးရာနေရာ

OFFICE
COMPANY
SHOW ROOM
SUPER MARKET
RESTAURANT
SALE CENTRE
များဖွင့်ရန်သင့်တော်ပါသည်။

ရောင်းပြီ

V-Pile Foundation
30'x70' နှစ်(၆၀)ဂရန်
အမည်ပေါက်မြေပိုင်
(၂၄)နာရီရေမီးထိန်းဆောင်မှု
လိုင်ငြိမ်ဆ၏သာယာသော…

နိုင်ငံတကာအဆင့်မီမြင့်ကွင်းကျယ်ဓာတ်လှေကားပါ ရထပ်လုံးချင်းတိုက်များ

အရောင်းခန်းမ

အမြတ်ခွန်ကိုရောင်းချသူမှပေးသွင်းပါမည်။

Golden Flower Plaza အမှတ်(၂၁၄)၊ဒါးတန်းလမ်းလမ်းမတော်ရန်ကုန်မြို့။ဖုန်း–၂၂၀၀၂၄၊ ၂၂၀၀၂၅၊ ၂၂၀၀၂၆

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ရွှေပေါက်ကံမြို့သစ်၊ (၁၇)ရပ်ကွက်၊
ခတ္တာလမ်း၊ အမှတ်(၃၁၀)နေ
ဒုတိယဗိုလ်မှူးကြီးသန်းအောင် - ဒေါ်ကျင်မြတို့၏သား
မောင်ဇော်လင်းအောင်
(နဒီဦးရွှေရတနာရောင်းဝယ်ရေး)
နှင့်
မန္တလေးမြို့၊ လမ်း(၃၀)၊ ၇၉ X ၈၀ ကြားနေ
ဦးခင်မောင် - ဒေါ်စန်းရီ(မနော်သုခသစ်သီးပွဲရုံ)တို့၏သမီး
မခင်မိမိစိမ်း (Second Year Law)

တို့သည် ၂၃-၁၁-၂၀၀၃ရက်နေ့တွင် နှစ်ဖက်မိဘများ၏ သဘောတူညီချက်အရ ရန်ကုန်မြို့၌ လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လင်းအောင် - မခင်မိမိစိမ်း။

မွေးနေ့ဆုတောင်း

ချစ်သမီးလေး **ဘောဘီခင်ဦး** ၂၄-၁၁-၂၀၀၃ရက်တွင် ကျရောက်ခဲ့သော တစ်နှစ်ပြည့်မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ကျန်းမာချမ်းသာ၍ ထူးချွန်ထက်မြက်လိမ္မာသော သမီးရတနာလေးဖြစ်ပါစေလို့ ဆုမွန်ကောင်း တောင်းလျက်။

ချစ်ဖေဖေ-ဗိုလ်ကြီးခင်ဦး
ချစ်မေမေ-ဒေါ်မူမူထွန်း
(ဘောဘီခင်ဦးရိပ်မြုံ)။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
သတင်းကြေညာချက်

ရန်ကုန်မြို့၊ ၁၃၆၅ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ရက်
(၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ ၁၇ရက်)

၁။ သတ္တုတွင်းဝန်ကြီးဌာနနှင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်ဝင်ငွေ၊ ပုဂ္ဂလိကဝင်ငွေ၊ အမျိုးသားဝင်ငွေများ တိုးတက်ရရှိရန်နှင့် နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာဈေးကွက်တိုးတက်ဖြစ်ထွန်းရန်စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၄ခုနှစ် မတ်လတွင် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို စီစဉ်ကျင်းပမည်ဖြစ်ပါသည်။ ရတနာပြပွဲသို့ ပြည်တွင်း၊ပြည်ပမှ ရတနာကုန်သည်များများတက်ရောက်စေရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာဌာနများ၊ ရတနာကုန်သည်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။ ရတနာပြပွဲတွင် သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်၍ တင်ပြရောင်းချရန် အထူးလိုအပ်ပါသည်။

၂။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင်ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပမှ ရတနာကုန်သည်များ ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ အမြန်တင်ပို့ရေး၊ နိုင်ငံသားများ၏ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေ(EXPORT EARNING)အဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၁)ကြိမ်မြောက်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များမှ တင်ပြရောင်းချလိုသည့် ကျောက်မျက် ရတနာများကို ၂၀၀၃ခုနှစ် နိုဝင်ဘာလ (၂၆)ရက်မှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ (၁၀)ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း(ရုံးချုပ်) တွင် သတ်မှတ်ချက်များနှင့်အညီ အခြေခံရောင်းဈေးညှိနှိုင်း သတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ကျောက်မျက်ရတနာပြပွဲနှင့် ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်မြို့)၊ ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေခံပြုသည့်ကျောက်စိမ်း/ကျောက်မျက် တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်း ဆောင်ရွက်နိုင်ပါသည်။

၅။ ကျောက်မျက်ရတနာပြပွဲတွင် တင်ပြရောင်းချမည့်ကျောက်မျက်ရတနာများအား မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)သို့ သယ်ဆောင်ရာတွင် လမ်းခရီး၌ အခက်အခဲရှိပါက အထက်စာပိုဒ် (၄)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။

ဗုဒ္ဓါဘိသေကအနေကဇာတင်လှူပွဲနှင့် မဏိရတနာသိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာဖိတ်ကြားလွှာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ အရှေ့ဥယျာဉ်တိုက်၊ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ(၂၉၂) မဏိရတနာကျောင်း၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် အများစုပေါင်း၍ ကောင်းမှုဖြစ်သော မဏိရတနာ သိမ်တော်ကြီး ရေစက်ချအလှူတော်မင်္ဂလာဓမ္မသဘင်ကို ၁၃၆၅ခုနှစ်၊ နတ်တော်လဆန်း(၇)ရက် ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) နံနက် (၀၈:၀၀နာရီမှ ၁၀:၀၀နာရီ) ဆင်ယင်ကျင်းပမည်ဖြစ်ပါသောကြောင့် မဏိရတနာကျောင်းတိုက်သို့ ရပ်ဝေး၊ ရပ်နီးမှ သိမ်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

သိမ်ဖြစ်မြောက်ရေးအမှုဆောင်အဖွဲ့နှင့် ဝေယျာဝစ္စဥပဋ္ဌာကအဖွဲ့
မဏိရတနာကျောင်း။

ငွေရတုမင်္ဂလာဆုမွန်တောင်းလွှာ

အနန္တကျေးဇူးရှင် ဖေဖေ **ဦးမောင်မောင်သန်း** အင်ဂျင်နီယာချုပ် (တန် ၄၀၀၀ ဘိလပ်မြေစက်ရုံ၊ ဘားအံ) မေမေ **ဒေါ်ခင်ခင်ဝင်း** (အထပြ၊ ငြိမ်း)တို့၏ နိုဝင်ဘာ ၂၈ရက်တွင်ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သား၊ ချစ်သမီးတို့နှင့် နိုင်ငံအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ပါစေ။

သားကြီး-ဗိုလ်လောင်းကြည်မောင်မောင် Final Part II
(တပ်မတော်ဆေးတက္ကသိုလ်)
သမီးငယ်-မေဝင်းမောင်မောင်
Eco (UDE), OMIC (Myanmar) Co.,Ltd

(၄၅)နှစ်ပြည့် မင်္ဂလာဆုတောင်း
(၂၈-၁၁-၂၀၀၃)

ကျေးဇူးရှင် ဖေဖေ **ဦးသိန်းရွှေ** (ဆက်သွယ်ရေး အင်/ယာ၊ ငြိမ်း၊ တောင်ကြီးမြို့) ကျေးဇူးရှင် မေမေ **ဒေါ်သိန်းရီ(ခ)ဒေါ်ရီလေး** (ရွှေမိသားစု TV,VCRပြုပြင်ရောင်းဝယ်ရေး၊ တောင်ကြီးမြို့)တို့၏ ၂၈-၁၁-၂၀၀၃ နေ့တွင် ကျရောက်သည့် (၄၅)နှစ်ပြည့် မင်္ဂလာရက်မြက်မှသည် နှစ်တစ်ရာတိုင် ချစ်သား၊ ချစ်သမီးများနှင့်အတူ ကျန်းမာချမ်းသာစွာနှင့် နိုင်ငံအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်သား၊ ချစ်သမီးများ
တောင်ကြီးမြို့။

အသုံးပြုနေသော ဘွိုင်လာရောင်းရန်

Max Steam Pressure: 7 kg/cm
1000 kg/hr
Heat Conduction: Gun Type 1.5 G/H 2P
Heat Efficiency: 98-157
Burner Type Capacity: Norsal Pump Big Burner
Manufacturing Date: 1998 Jul

အသုံးပြုနေသော မီးစက်ရောင်းရန်

New Denyo
Sound Proof 60

Contact Ph: 09-50-19397, 09-50-08740, 724559.

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ

ရန်ကုန် - သန်လျင်တံတားအနီးက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရဲ့ တိုင်းရင်းသားရိုးရာအိမ်စစ်စစ်တွေပေါ်မှာ သမိုင်းအစဉ်အလာကြီးမားတဲ့ သွေးချင်းများရဲ့ ဂုဏ်ယူဖွယ်ရာ ဓလေ့ထုံးတမ်းအစဉ်အလာတွေကို ခံစားကြည့်နိုင်ပြီ

* ကချင်ပြည်နယ်က ခါခါဘိုရာဇီရေခဲတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင်၊ ချင်းပြည်နယ်က ရိဒ်ရေကန်၊ မွန်ပြည်နယ်က ကျိုက်ထီးရိုးဘုရား၊ ရခိုင်ပြည်နယ်က ထုပ္ပာန့်သိမ်နဲ့ ရှမ်းပြည်နယ်က အင်းလေးကန်တွေကို အပျော်စီးကားလေးနဲ့ လည်ပတ်နိုင်ပြီ။
* ရန်ကုန်မြို့တော်နဲ့ ပဲခူးမြစ်ရှုခင်းကို နန်းမြင့်မျှော်စင်ပေါ်က ဆန်းသစ်တဲ့ အပေါ်စီးမြင်ကွင်းက ကြည့်ရှုနိုင်ပြီ၊ ရွှေမြန်မာတို့ရဲ့ ရတနာတန်းဝင် သစ်တောပင်တွေနဲ့ ချစ်စဖွယ်ကျေးငှက်တောတိရစ္ဆာန်တွေကို ကိုယ်တိုင်ကြည့်ရှုနိုင်ပြီ။
* ကမ္ဘာမှာ ရှားပါးလာပြီဖြစ်တဲ့ ဒီရောက်လမုတောထဲက ဂေဟစနစ်တွေ လက်တွေ့သိမြင်လေ့လာနိုင်ပြီ။

ရန်ကုန်မြို့လယ်က (၁၅)မိနစ်ခရီး ရန်ကုန် - သန်လျင်တံတားထိပ်မှာရှိတဲ့

ပြည်ထောင်စုတိုင်းရင်းသားကျေးရွာကို ဖိတ်ခေါ်ပါတယ်

* သားသား၊ မီးမီးလေးတွေ ဆော့ကစားဖို့ Free Game ကစားကွင်း၊ မိသားစုအပန်းဖြေဖို့ အပန်းဖြေတဲများနဲ့ မိတ်ဆွေအပေါင်းအသင်းတွေ ပျော်ပွဲစားဖို့ သဘာဝအရိပ်ကွင်းတွေရှိတယ်။

နေ့စဉ် ပိတ်ရက်မရှိ၊ နံနက် (၇)နာရီမှ ညနေ(၆)နာရီအထိ
ဝင်ကြေး လူကြီး ကျပ်(၅၀)၊ ကလေး (၂၅)ကျပ်၊ နိုင်ငံခြားသား 3 FEC
မည်သူမဆို ဝင်ရောက်နိုင်ပါသည်။
[အမှတ်-၃၂ နှင့် အမှတ်-၄၉(အဝါ) ကားများ တိုက်ရိုက်ရောက်ပါသည်။]

Marketing
Marketing
Graphic Designer
Computer (DTP)
Computer Layout
Editor
Translator
Cashier
Commission

ခုံအားကျဆင်းရေး

OD Tour
Dec.5,19,22,30
Dec.5,21,23,30
Dec.8,20,27
Dec.23
Dec.20,23
OD Style
No.52

EXPRESS

Amazing Holidays
Your perfect holidays maker
(Salary in Kyats)
Amazing Holidays
Ayeyarwady Scene Restaurant (Mandalay)
1. Restaurant Manager (M/F) 1- Post
- any Graduate, 5 years service in restaurant with supervisory level.
- must speak English
Paramount Inle Resort (Inle)
1. Manager (M/F) 1- Post
- any Graduate, 5 years service in restaurant with supervisory level.
- must speak English
2. (M/F) 3- Post
3. (M/F) 5- Post
4. Assistant cook (M/F) 2- Post
Amazing Holidays

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းတရားရုံးတော်၌

၂၀၀၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၄၀

၁၉၉၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၅

ဦးနိုင်ထွန်း အမှတ်-၁၂၊ မာလာမြိုင်လမ်း ဘောက်ထော်၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့	နှင့်	၁။ဒေါ်နီနီစိန် အမှတ်-၁၂၊ မာလာမြိုင်လမ်း၊ ဘောက်ထော်၊ ၁၆-ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၂။ဒေါ်သန်းနွဲ့ အမှတ်-၂၄၊ ဗိုလ်စိန်မှန်လမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်။
တရားနိုင်		**တရားရှုံးများ**

၁၉၉၅ခုနှစ်၊ တရားမကြီးမှုအမှတ်(၁၅၅)တွင် တရားနိုင် ဦးနိုင်ထွန်းက အမွေပစ္စည်း၏ (၃)ပုံ(၁)ပုံရထိုက်ကြောင်း ချမှတ်ထားသည့် ဒီကရီအား အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြထားသော ပစ္စည်းများကို ၂၀၀၃ခုနှစ်၊ ဒီဇင်ဘာလ(၃၀) ရက်နေ့ (၁၃၆၅ခုနှစ်၊ ပြာသိုလဆန်း ၈ရက်နေ့)နံနက် ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာလည်း ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး ထိုမရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံတင်ရောင်းချခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၉ပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ (၁၇)ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးပေးလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ်(၁/၄)ဟုခေါ်တွင်သည့် မြေဧရိယာ(၀ဒသမ၁၈၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၁၂၊ မာလာမြိုင်လမ်း၊ ဘောက်ထော်ဟု ခေါ်တွင်သည့် အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် (တယ်လီဖုန်းနှင့်ရုပ်မြင်သံကြား ဂြိုဟ်တုစက်မပါဝင်ပါ)။

လေလံတင်ရောင်းချမည့်ပစ္စည်း၏ကြမ်းခင်းဈေး

လေလံတင်ရောင်းချမည့်မြေကွက်နှင့် အဆောက်အအုံတန်ဖိုး] သိန်း(၁၅၀၀)

မျိုးညွန့်
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းတရားရုံး။

ဦးသိန်းလွင် [MTLA-၀၁၇၂၂၂]နှင့် သက်ဆိုင်သူများ သိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ် [၁၂/လမန(နိုင်)၀၁၇၃၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ် [၁၂/လမန(နိုင်)၀၁၇၃၅၃]နှင့် ဦးသိန်းလွင်(MTLA-၀၁၇၂၂၂)တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြပြီး လုပ်ငန်းများကို နှစ်ဦးအတူလုပ်ကိုင်ခဲ့ကြရာ ကားနံပါတ် ၄ခ/၂၇၁၇၊ ၅ခ/၂၄၆၉၊ ၅ခ/၉၄၇၁ ဆယ်ဘီးကားများအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ၊ အမှတ်-၄၊ ပထမထပ်၊ ဖျာပုံလမ်း၊ စမ်းချောင်းမြို့နယ်။ အမှတ်-၈၄၊ ၄လွှာ၊ သိမ်ကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်အပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ငွေကြေးများ ဖြစ်ထွန်းစုဆောင်းနိုင်ခဲ့ကြပါသည်။

၂။ ဦးသိန်းလွင်နှင့် ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ်တို့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများဖြစ်ကြ၍ အထက်တွင် ဖော်ပြပါပစ္စည်းများနှင့် ငွေကြေးတို့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ထက်ဝက်စီပိုင်ဆိုင်ကြပါသည်။

၃။ ဦးသိန်းလွင်နှင့်ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ်တို့သည် ၁၀-၁၀-၂၀၀၂ ရက်နေ့တွင် ကမာရွတ်မြို့နယ်၊ တရားရုံး၌ လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်သော်လည်း အထက်ဖော်ပြပါ နှစ်ဦးပိုင်ပစ္စည်းများကို ခွဲဝေရယူခြင်းလုံးဝမရှိခဲ့ကြသေးပါ။

၄။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည် ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ်၏ တိုက်ရိုက်သဘောတူ ခွင့်ပြုချက်မရှိဘဲ အထက်ဖော်ပြပါ မော်တော်ကားများနှင့် တိုက်ခန်းများကို မည်သူမျှ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက ဒေါ်ခင်ဆွေ ဦး(ခ)ဒေါ်နုနုယဉ် နစ်နာဆုံးရှုံးမှုအားလုံးအတွက် ပြုလုပ်သူတို့တွင် တာဝန်ရှိမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ဆွေဦး(ခ)ဒေါ်နုနုယဉ်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သန်း
တရားရုံးချုပ်ရှေ့နေ
အမှတ်(၆၄၇)၊ အခန်း(၆)၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် ကြေညာချက်

FAME
TINOFLAM®
GMP &
ISO 9001:2000

Natural NSAID Synthetic NSAID
Synthetic NSAID
TINOFLAM®
FAME Pharmaceuticals
(Germany) (France) (Switzerland) (China) (Myanmar)

အမြန်အလိုရှိသည်
ပြည်တွင်းဥ္သာခန့်ထားရန်
(လစာငွေ – မြန်မာကျပ်ငွေဖြင့်)

Traditions Trading Co., Ltd တွင် တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော ဝန်ထမ်းများ အမြန်အလိုရှိပါ၍ စိတ်ပါဝင်စားသူများ လာရောက် ဆက်သွယ်နိုင်ပါသည်။

(၁) လျှပ်စစ်ပိုင်းဆိုင်ရာ ကျွမ်းကျင်သူ ကျား (၁) ဦး
စက်ရုံရှိ လျှပ်စစ်ပိုင်းဆိုင်ရာနှင့် ပရိဘောဂပြုလုပ်ရာတွင် အသုံးပြုသော စက်ပစ္စည်းများအား ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြု ပြင်ဆင်နိုင်ရမည်။ သက်ဆိုင်ရာလုပ်ငန်းတွင် အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။ အင်္ဂလိပ်စာ အရေး၊ အပြော တတ်ကျွမ်းရမည်။

(၂) ကုရှင်ချုပ်လုပ်ငန်းကျွမ်းကျင်သူ မ (၃) ဦး
ပရိဘောဂတွင် ကုရှင်ပူးတွဲချုပ်လုပ်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းတွင် အနည်းဆုံးအတွေ့အကြုံ (၃)နှစ်ရှိရမည်။

(၃) ကျွမ်းကျင်လက်သမား ကျား (၁၀) ဦး
ပရိဘောဂ ပုံထုတ်ပုံဖော်ကျွမ်းကျင်ပြီး ပရိဘောဂပြုလုပ်သည့် အတွေ့အကြုံ အနည်းဆုံး(၅)နှစ်ရှိရမည်။

စိတ်ပါဝင်စားသူများ ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ ကိုယ်ရေးရာဇဝင်ပါ တစ်ပါတည်းယူဆောင်ပြီး အမှတ်(၂၄)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြားရပ်ကွက်သို့ နေ့စဉ် နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း လူကိုယ်တိုင် လာရောက် တွေ့ဆုံနိုင်ပါသည်။

ရောင်းရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေအမိန့်၂၁ နည်းဥပဒေ–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည်	**၁။ ဒေါ်ခင်ကြည်**
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးမျိုးစိုး)	(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်မာလာစိုး)
	၂။ ဦးမြင့်စိုး
တရားနိုင်	**တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ခုနှစ် တရားမကြီး(၄၆၀)တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုးကျန်ရစ်ခဲ့သည့် အောက်ဖော်ပြပါ ပစ္စည်းစာရင်းတွင်ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှ ငွေ၁၄၄၂၃၀၀–ကို အမှတ်(၁) တရားရှုံးသို့ပေးအပ်စေ၍ ကျန်လေလံတင်ရောင်းချရငွေများ၏ $\frac{3}{8}$ ပုံကို တရားနိုင်က ရယူနိုင်ရန်အတွက်အောက်ဖော်ပြပါ အစီအစဉ်အတိုင်း လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်ခြင်းခံရသည့် ကိုယ်စားလှယ်ဖြင့်သော်လည်း လေလံဆွဲဝယ်နိုင်ကြောင်းကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်အရသိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကိုရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၂၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး လိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

၁။ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ အယ်လ်)+(၃၀ဘီ)၊ လူနေရပ်ကွက် ဦးပိုင်အမှတ် $\frac{၁၂၂ဘီ}{၃}$ + $\frac{၈ဒီ}{၁}$၊ မြေအကျယ်အဝန်း(၀ဒသမ ၁၄၄) ဧကနှင့် (၀ ဒသမ ၄၁၇)ဧကနီးပါးခန့်ရှိသော မြေပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ် ၃၄(ဘီ)ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(၁)တရားရှုံးလက်ရှိ နေထိုင်လျက်ရှိပါသည်။)

ကြမ်းခင်းဈေး	–	ကျပ်သိန်း (၂၀၀၀)
လေလံတင်ရောင်းချမည့်ရက်	–	၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (၁၅)
လေလံတင်ရောင်းချမည့်အချိန်	–	နံနက်(၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ	–	ယင်းပစ္စည်းတည်ရာအရပ်။

၂။ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ စီ၊ လူနေရပ်ကွက် ဦးပိုင်အမှတ်၊ ၈(အိုင်)[၁]နှင့် ၈(ဘီ)[၄]၊ စုစုပေါင်း မြေအကျယ်အဝန်း (၀ ဒသမ ၃၀၂)ဧကရှိသော မြေပိုင်မြေနှင်တကွ၊ ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၄၈ ဘီ)ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။
(၁) တရားရှုံး၏သား၊ ဦးစိုးထွဋ် လက်ရှိနေထိုင်လျက်ရှိပါသည်)

ကြမ်းခင်းဈေး	–	ကျပ်သိန်း (၁၂၅၀)
လေလံတင်ရောင်းချမည့်ရက်	–	၂၀၀၃ ခုနှစ် ဒီဇင်ဘာလ (၁၆)
လေလံတင်ရောင်းချမည့်အချိန်	–	နံနက်(၁၀)နာရီ
လေလံတင်ရောင်းချမည့်နေရာ	–	ယင်းပစ္စည်းတည်ရာအရပ်။





Diamond City စိန်လက်ဝတ်ရတနာအငှားဆိုင်
မစန္ဒာမိုလ်၊ မသီတာမိုလ်

အမှတ်–၇၀၊ ဗဟိုရုံ၊	အမှတ်(၅၄)၊ အောင်မင်းခေါင်(၁)လမ်း
ဗိုလ်ချုပ်ဈေး၊	ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်၊
ဖုန်း–၇၀၄၈၈၈၊ ၇၂၇၂၃၂။	ဖုန်း–၇၀၄၈၈၈၊ ၇၂၇၂၃၂။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အိမ်အမှတ်(၁၂/ခ)နေ ကျွန်မ၏ သမီးလတ်ဖြစ်သူ မခင်မြတ်စိုး(ခ) မေမြတ်ငြိမ်း [၁၄/ကကန(နိုင်)၀၉၄၆၁၃]သည် မိဘသဘောမတူသူနှင့်အတူ မိမိဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်မယူပါ။

မိခင် – ဒေါ်ဝင်းတင်။

အမည်ပြောင်းလဲခေါ်ပါရန်

အဖ ဦးစိုးနိုင်၏သား အထက(၂) မော်ဘီ၊ န၀မတန်း(A)မှ မောင်မိုးမြင့်သူအား မောင်မျိုးသူဟု ပြောင်းလဲခေါ်ဆိုပါရန်။

နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကျွန်တော် ဦးတင်ဖုန်း [၁၂/ဥကမ(နိုင်)၀၄၅၂၀၈] အဘ ဦးမြနှင့် ဒေါ်ခင်မျိုး [၁၂/ဥကမ(နိုင်)၀၄၇၆၇၉] အဘ ဦးစစ်တွေတို့သည် ၁၉–၁၁–၂၀၀၃ရက်တွင် မြောက်ဥက္ကလာပတရားရုံး၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါ၍ နောက်နောက် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအရပ်ရပ်မှန်သမျှအား မည်သို့မျှ မသက်ဆိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဦးတင်ဖုန်း။**

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော လှိုင်မြို့နယ်၊ လှိုင်ရတနာအိမ်ရာတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ ရရှိထားပြီး အဆောက်အအုံနေထိုင်ခွင့်စာချုပ် ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါအဆောက်အအုံနေထိုင်ခွင့်စာချုပ်မူရင်းမှာ ဘဏ်တွင်ထားရှိရာမှ ပျောက်ဆုံးသွားပါသဖြင့် အသစ်ထုတ်ပေးပါရန် လျှောက်ထားလာသည့်အတွက် မိတ္တူမှန်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်။

စဉ်	တိုက်ခန်းအမည်ပေါက် အမည်	မှတ်ပုံတင်အမှတ်	နေရာချထားခံရသည့် တိုက်နှင့်အခန်းအမှတ်
၁။	ဒေါ်ခင်နှင်းရီ	[၁၂/လသန(နိုင်) ၀၀၀၈၉၆]	တိုက်(၁)၊အခန်း(၉)၊ လှိုင်ရတနာအိမ်ရာ

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့် –၅၊ နည်းဥပဒေ –၁နှင့်၅)
စစ်ကိုင်းတိုင်းတရားမရုံး
၂၀၀၃ခုနှစ်၊ တရားမကြီးမှုအမှတ်–၇၉

မန်နေဂျာ	**နှင့်**	**၁။ဦးချစ်အောင်**
မြန်မာ့စီးပွားရေးဘဏ်		**၂။ဒေါ်လှမြင့်**
မုံရွာမြို့။		

ဦးချစ်အောင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဘဏ်ချေးငွေအရင်းအတိုးစုစုပေါင်း (၅၀၇၀၂၅၃ိ/–၂၉ါး)အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၃ခုနှစ် ဒီဇင်ဘာလ ၁၅ရက် (၁၃၆၅ခုနှစ်၊ နတ်တော်လပြည့်ကျော်၇ရက်)နေ့ မွန်းမတည့်မီ၁၀နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်များနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၄ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

တင်အောင် LL.B
တွဲဖက်တိုင်းတရားသူကြီး၊ စစ်ကိုင်းတိုင်းတရားရုံး။



ရောင်းမည်(သို့)ဆလွန်းကားအောက်ကား/ ၁၄'၊ ၂ $\frac{3}{4}$ တန်ကားဖြင့်လဲမည်

သဲလေ့ ၁၀ကျင်းပါ၊ 25H.P+ တရုတ်ဂီယာ 4:1မောင်းစက်၊ (25 H.P+ပန့်+ပိုက် 4ဆက်+အချိန် 100ဘီလူးခေါင်း) နှစ်စုံ၊ 25H.P+ ပန့် သဲတွန်းတင်စက် တစ်စုံ။ **ဖုန်း–၀၉–၅၀–၁၇၀၁၂။**

(၂)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
ဦးထွန်းဖေ (၇၃)နှစ် ဘုရင့်နောင်ပွဲရုံ

၂၈–၁၂–၂၀၀၁ရက်တွင် ကွယ်လွန်သွားခဲ့သော ပါးပါး ဦးထွန်းဖေမှာ (၂)နှစ်ပြည့်မြောက်သွားသော်လည်း တစ်ရက်မှမေ့မရ သတိရလျက် နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အစုစုတို့အား ပါးပါး ရောက်ရာမြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်နိုင်ပါစေသော်။

ချစ်ဇနီး–ဒေါ်ကျင်လှိုင်၊ သားသမီးမြေးတစ်စု
အမှတ်(၂၁)၊ လမ်း(၂၀)၊ လသာ၊ ရန်ကုန်မြို့။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ မောင်ကျော်မင်းဦး (ခ) မင်းမင်း [၁၂/သကတ (နိုင်)၁၄၄၄၆၈]သည် မိဘအား စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဖခင် – ဦးထွန်းလှိုင်
[ISN – ၅၁၅၅၁၄]
မိခင် – ဒေါ်ကျင်ရွှေ
[၁၂/သကတ(နိုင်) ၁၁၇၉၁၆]။

ဝန်ထမ်းများအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

Myanmar Makro Industry Company သည် Ocean တံဆိပ်ငါးသေတ္တာနှင့် အခြားစားသောက်ကုန်အမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေသော ကုမ္ပဏီဖြစ်ပါသည်။ ပြည်တွင်း၌သာမက အိမ်နီးချင်းနိုင်ငံများအထိပါ ဖြန့်ဖြူးရောင်းချလျက်ရှိပြီး ဈေးကွက်ဝေစုအများအပြား ပိုင်ဆိုင်ထားပါသည်။

လတ်တလောလုပ်ငန်းများ တိုးချဲ့ရန် အောက်ဖော်ပြပါ ဝန်ထမ်းများ အမြန်အလိုရှိပါသည်။

၁။ Sale Executive **ကျား/မ (၁) ဦး**

၂။ Marketing Executive **ကျား/မ (၁) ဦး**

- ဘွဲ့ရ
- သက်ဆိုင်ရာရာထူးတွင် လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။
- အသက်(၄၀)ထက်မကျော်ရ။

၃။ အရောင်းမြှင့်တင်ရေး **ကျား/မ (၁၀) ဦး**

- ကျန်းမာသန်စွမ်းရမည်။
- အသက် / ပညာအရည်အချင်း ကန့်သတ်ချက်မရှိပါ။
- ဝင်ငွေများများရရှိရန် ဆန္ဒပြင်းပြသူဖြစ်ရမည်။
- ရွေးချယ်ခံရပါက လစာအပြင် အရောင်းကော်မရှင်နှင့် ခရီးစရိတ်၊ ဝတ်စုံများရရှိမည်။

စိတ်ဝင်စားသူများသည် ကိုယ်ရေးမှတ်တမ်းအကျဉ်း၊ (၆)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၁)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

Myanmar Makro Industry Co., Ltd.

အမှတ်(၈၂)၊ မြမာလာလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ဖုန်း-၅၄၇၁၄၆၊ ၅၄၇၁၆၈၊ ၅၄၇၁၉၃။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ဗိုလ်လောင်းအောင်သူမောင်မောင်(D.S.T.A၊ ဒုတိယနှစ်)၏ ဖခင် ဗိုလ်မှူးမောင်မောင် အသက်(၄၈)နှစ်သည် ၂၃-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

ဒသမတန်းမှသူငယ်ချင်းများ။

ဒေါ်အုန်းမေ (၅၉)နှစ်

ကျောင်းဆရာမ

အမက(၁၇) တာမွေ

ရန်ကုန်မြို့၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊ အမှတ်(၂၇)၊ ပွဲစားတန်းလမ်း (လနစ်စင်းသော်တာမုန့်ဟင်းခါးလုပ်ငန်း)နေ (ဦးမောင်ငြိမ်း-ဒေါ်ကျင်လှိုင်) တို့၏ သမီး၊ (ဦးအောင်ခန့်)-ဒေါ်ကြိုင်တို့၏ တူမ၊ ဦးကြီးမြင့်-ဒေါ်မြသန်းတို့၏ ညီမ၊ ဦးစိုးအောင်-ဒေါ်အမာ၊ ဒေါက်တာလှမောင်(ကျောင်းကုန်းဆေးရုံ)-ဒေါ်ခင်မေလွင်၊ ဦးမျိုးမြင့်-ဒေါက်တာချိုချိုနွယ်(S.S.C)၊ ဦးမျိုးတင့်၊ ဦးအုန်းတင့်-ဒေါ်ဘေဘီဝင်းတို့၏ အစ်မ၊ တူ၊ တူမ ၁၄ယောက်တို့၏ အဒေါ်၊ မြေးငါးယောက်တို့၏ အဘွား ဒေါ်အုန်းမေသည် ၂၆-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) ည ၉:၁၅ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နတ်ချောင်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမောင်နှမတစ်စု။

မြိတ်အသင်း

ဒေါ်သန်းမူ(ခ)မမူ

အသက်(၅၀)

(မြိတ်)

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်ရေကန်လမ်း၊ အမှတ်(၄၄)၊ (၃လွှာ၊ ဘယ်)နှင့် မြိတ်မြို့၊ မြစ်ငယ်ရပ်နေ (ဦးကျန်းနာ-ဒေါ်အေးတင်)တို့၏သမီး ဒေါ်သန်းမူ(ခ) မမူသည် ၂၅-၁၁-၂၀၀၃ရက် ည ၁၀:၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၂၉-၁၁-၂၀၀၃ ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း

ကိုရွှေမြဒွန်း (၃၄)နှစ်

Thla Khar

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော် (ရန်ကုန်)အသင်းသား

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်၊ အမှတ်(၆/၁၈၁)၊ သပြေလမ်းနေ U Ni Dun- ဒေါ်ခင်စန်းမြင့်တို့၏ သား၊ မညို၏ ခင်ပွန်း၊ မောင်သူရိန်ဒွန်း၏ ဖခင်၊ မရူပါဝင်း(Ma Ngun Cin)၊မစန္ဒာဝင်း(Ma Sui Men)တို့၏ အစ်ကို၊ ကိုရွှေမြဒွန်း(Thla Khar) သည် ၂၆-၁၁-၂၀၀၃ရက် ည ၁၂နာရီတွင် မြောက်ဥက္ကလာပြည်သူ့ဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၉-၁၁-၂၀၀၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုကိုးကွယ်ပြီးဂူသွင်းသင်္ဂြိုဟ်ပါမည်။

(အထက်ဖော်ပြပါ မိသားစုနေအိမ်နှင့် ချင်းနှစ်ခြင်းခရစ်ယာန်သာသနာ့ရိပ်သာ အမှတ်(၁၂၅)၊ ဗားကရာလမ်း၊ စမ်းချောင်းမှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ချင်းနှစ်ခြင်းခရစ်ယာန်အသင်းတော်၊ရန်ကုန်။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mr. Reggie N. Seymour

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၈)၊ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်နေ (Mr. အီးစီမိုး-ဒေါ်ဘာသာ)တို့၏ သား၊ (ဦးဘချိန်-ဒေါ်ရင်ကြွေ)တို့၏သားသမက်၊ Emily ဒေါ်သန်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ Tina ဒေါ်မိုးသီတာ - ဦးဝင်းမြင့်တို့၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်၊ Eric မိုးမြင့်၊ Mathew ခိုင်မြင့်၊ Vanessa အေးစပယ်မြင့်တို့၏ ချစ်လှစွာသော ဘိုးဘိုးသည် ၂၇-၁၁-၂၀၀၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ ၂၉-၁၁-၂၀၀၃(စနေနေ့) နံနက် ၉နာရီတွင် သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၊ (အမှတ်-၁၀၄၊ အင်းယားလမ်း)၌ ဆုတောင်းဝတ်ပြုပြီး ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမြှုပ်နှံပါမည်။ (အထက်ပါ ဘုရားကျောင်းမှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ ရဟန်းအမကြီး

ဒေါ်တင်တင်မြ(ခ)ဒေါ်မြမြ

အသက်(၇၅)နှစ်

(စလင်း)

စလင်းမြို့၊ ပေါင်းပင်ဇင်းရပ်နေ ဦးဘိုးဟန်-ဒေါ်မကြီးတို့၏သမီးထွေး၊ ဒေါက်တာထွန်းဆိုင်(အထွေထွေမန်နေဂျာ၊ ငြိမ်း၊စိုက်ပျိုးရေးသုတေသနဌာန၊စိုက်ပျိုးရေးပညာရှင်အဖွဲ့ဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး)၏ ဇနီး၊ (ဦးမောင်မောင်)-ဒေါ်အေးအေး၊ (ဦးမောင်မောင်-ဒေါ်ခင်သီ)၊ ဦးဟန်-ဒေါ်မြယဉ်၊ ဒေါ်ခင်နုတို့၏ ညီမ၊ ဦးစိုးမြင့်-ဒေါ်ရွှေသစ်၊ ဦးအေးမြင့်-(ဒေါ်ကြူကြူဝင်း)တို့၏ အစ်မ ဒေါ်တင်တင်မြသည် ၂၇-၁၁-၂၀၀၃ရက် နံနက် ၁၁:၃၀ နာရီတွင် ရွှေပြည်သာမြို့၊ (၂) ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၃၀/၂၄) နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃ရက် ညနေ ၃နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမတစ်စု။

ဦးချစ်ကိုကို (၄၉)နှစ်

တွဲဖက်ပါမောက္ခ၊ ဒဿနိကဗေဒဌာန မန္တလေးတက္ကသိုလ်

ရန်ကုန်မြို့၊ အမှတ်(၃၄)၊ ၄ဝါလမ်းနေ (ဦးသန်းရွှေ-ဒေါ်ခင်စော)တို့၏ သားထွေး၊ ဒေါ်ခင်သန်းရီ၊ ဒေါ်ခင်သန်းကြူ၊ ဒေါ်ခင်သန်းမူတို့၏ ချစ်လှစွာသော မောင်၊ အမှတ်(၉၁/၁)၊ မဟာမြိုင်အပိုင်း(၈)နေ ဒေါ်တင်တင်ဝေ(တွဲဖက်ပါမောက္ခ၊ဒဿနိကဗေဒဌာန၊မန္တလေးအဝေးသင်တက္ကသိုလ်)၏ ချစ်လှစွာသော ခင်ပွန်း၊ မသီရိကိုကို(အထက-၁၂၊ မန္တလေး)၊ မအင်ကြင်းကိုကို၊ မောင်မင်းခန့်ကိုကိုတို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်ပါ၍ ၂၈-၁၁-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်ထွန်းဝင်း(ခ)
ဗိုလ်ထွန်းအေး(ငြိမ်း)

ဘီစီ/၅၅၉၉

အသက်(၈၀)

လွတ်လပ်ရေးမော်ကွန်းဝင်ပထမဆင့်

ဒု-မန်နေဂျာ(သထရ)

မြန်မာ့သစ်လုပ်ငန်း(ငြိမ်း)

ရန်ကုန်တိုင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မန္တလေးလမ်းနေ (ဦးဘွင့်-ဒေါ်ပန်းခြုံ)တို့၏ သား၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၅၇)၊ ညောင်တုန်းလမ်းနေ (ဦးဘအုန်း-ဒေါ်အုန်းစိန်)တို့၏ သားသမက်၊ (ဒေါ်နုနုဝင်း) မော်ကွန်းဝင်ဒုတိယဆင့်၏ချစ်လှစွာသောခင်ပွန်း၊ ဦးတင်မောင်ဝင်း-ဒေါ်မေဇင်(သစ်လုပ်ငန်း)၊ ဒေါ်မိုးမိုးခိုင်(စိုက်ပျိုးရေး၊ မုဒုံမြို့)-ဦးကြည်လင်း(စိုက်ပျိုးရေး၊ မုဒုံမြို့)၊ ဦးအောင်မြင့်ဝင်း(သစ်လုပ်ငန်း)-ဒေါ်စန်းစန်းညွန့်၊ (ဦးဇော်ဝင်းအောင်)၊ ဦးဇော်ဇော်အောင်(ခ) ဦးဇော်တူး(မင်းမဟာဖော့နှင့် ဖိုင်ဘာလုပ်ငန်း)-ဒေါ်စိုးစိုးသင်း၊ ဦးသက်ဝင်းဇော်-ဒေါ်အေးစန်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၆-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) ည ၁၀:၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌ အိပ်ပျော်ခြင်း

ပက်ထရစ်ရှာဇိုင်း

Patricia Zai

B.A.(Law) LL.B

အသက်(၅၃)နှစ်

C.P Livestock Co.Ltd

ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၁၆/ဘီ) စိန့်မိုက်ကယ်ကျောင်းဝင်း၊ ပန်းပင်ကြီးလမ်းနေ (ဦး Vincent စပ်ဆိုင်ဇိုင်း-ဒေါ် Thecla တင်တင်မြ) တို့၏ သမီး၊ Maltida ဇိုင်း (Royal Thai Embassy)၊ စဝ်ထွန်းအေး-Audrey ဇိုင်း၊Pier & Rachel Morgan၊ စဝ်ခမ်းဇိုင်းတို့၏ ညီမ၊Brian ရွှေလင်းတိုး-Cecilia ဇိုင်းတို့၏ အစ်မ၊ (ခေမာတိုး)၊ ကျော်ဇင်တိုး၊ ရဲလင်းတိုးတို့၏ ချစ်လှစွာသော အဒေါ် Patricia ဇိုင်း (C.P Livestock Co.Ltd.) သည် ၂၆-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) ညနေ ၅:၂၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၁၁-၂၀၀၃ (စနေနေ့) နံနက် ၁၀နာရီတွင် ကြည့်မြင်တိုင်၊ ရှင်မိကျွေလ (အင်္ဂလီကန်) ဘုရားကျောင်းတွင် ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန် သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်အုန်းမြိုင်

အသက်(၅၀)

ဆည်မြောင်းဦးစီးဌာန(ငြိမ်း)

အင်္ဂပူမြို့နေ ဦးထွန်းဖေ-ဒေါ်စိန်ရင်တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ (ဦးဘသင်-ဒေါ်သန်းကြည်)တို့၏ သမီးချွေးမ၊ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက်၊ အောင်သိဒ္ဓိ၊ အုန်းတော(၂) လမ်း၊ အမှတ်(၂၇)နေ (ဦးလှအေး)-ဒေါ်ခင်လေးတို့၏ညီမ၊ ဦးမျိုး-ဒေါ်ဝင်း၊ ဒေါ်ထူးတို့၏ အစ်မ၊ ဦးထွန်းအောင်ကျော်၏ ဇနီး၊ မောင်ရဲထွန်းဦး၊ မောင်ကျော်ဇေယျထွန်း၊ မောင်ဝင်းသူ-မသီရိသက်ဝေ၊ မောင်ဖြိုးဝေလင်းတို့၏ မွေးသမိခင် ဒေါ်အုန်းမြိုင်သည် ၂၇-၁၁-၂၀၀၃ရက် နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃ (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဆွေလွင်(ခ)အန်ကူး

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ တိုက်(၂၈၁/က)၊ အခန်း(၁)နေ ဦးစိန်မြင့်(စီးပွား/ကူးသန်း၊ ငြိမ်း)-ဒေါ်တင်တင်ဦး(MEIS၊ ငြိမ်း)တို့၏ သား၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ စက်ရုံလမ်း၊ အခန်း(၂၀)နေ (ဦးဝင်းဖေ)-ဒေါ်ခင်စန်းရီတို့၏ သားသမက်၊ မအိအိခင်၏ ခင်ပွန်း၊ မောင်အောင်ဖေ၏ဖခင်၊ ဦးအောင်အောင် (Uniteam Co.,) - ဒေါ်လဲ့လဲ့ယဉ်ဝင်း၊ ဒေါ်ဆွေဆွေဝင်း(Myanmar Atlantic Co., Ltd.)တို့၏ အစ်ကို၊ တူ၊ တူမသုံးယောက်တို့၏ ဘကြီးသည် ၂၆-၁၁-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ မော်ရုံဒါယကာကြီး

ဦးကျော်ဝင်း (၆၂)နှစ်

စိန်ဂေဟာ၊ ပါဝါရွှေဆိုင်

ရန်ကုန်မြို့နေ (ဦးဘရှင်)-ဒေါ်စိန်တို့၏ သား၊ မော်လမြိုင်မြို့၊ အင်းဝိုင်းရပ်နေ (ဦးရော့ဝါ-ဒေါ်ဆွန်ဝေ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝင်္ကပါရိပ်သာလမ်းသွယ်၊ ခြံအမှတ်(၅)နေ ဒေါ်လတ်လတ်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုထွန်းအောင်ကျော်-မအေးအေးတင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဝေယံထွန်း၊ မောင်ဖြိုးဝေထွန်း၊ မောင်ဝင်းလင်းဖြိုးတို့၏ ချစ်လှစွာသော အဘိုး၊ ဦးဘအောင်-(ဒေါ်စန်းမွှေး)၊ (ဦးကြံဝင်း-ဒေါ်ကျင်ဝင်း)၊ ဒေါ်မြင့်မြင့်အေး-ဦးချင်ဖုန်း(မကာအို)တို့၏ ညီ/မောင်၊ (ဒေါ်စိန်ကြူ)-ဦးစိုးမြင့်၊ ဦးအောင်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဒေါ်ခင်စန်းဝင်း-ဦးစိုးလွင်၊ ဒေါ်အေးအေးရီ-ဦးမင်းစိုး၊ ဦးမျိုးဝင်း-ဒေါ်မိုးမိုးလွင်(ခေတ္တ-USA)၊ ဒေါ်ခင်ချို-ဒေါက်တာသန့်ဇင်၊ ဒေါ်ကျင်ထွေး-ဦးကျော်ခိုင်(တောင်ကြီး)၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်အေးတို့၏ ချစ်လှစွာသော အစ်ကို ဦးကျော်ဝင်းသည် ၂၇-၁၁-၂၀၀၃ရက် နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။ စိန်ဂေဟာ(၁၉လမ်းနှင့် လမ်း၂၀ကြား)ရှေ့တွင် ကားများစီစဉ်ထားရှိပြီး နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မြ(ခ)ဒေါ်မြပန်းဦး

အသက်(၉၀)

(ပေါက်တော၊ စစ်တွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်(၃၃)နေ (ဦးမောင်မောင်-ဒေါ်ပျော့မ)တို့၏ သမီး၊ (ဦးဖြူသီး)၏ ဇနီး၊ ဦးကျော်အောင်-ဒေါ်တင်တင်ဦး၊ ဦးမောင်မောင်အေး-ဒေါ်သန်းနုတို့၏ မိခင်၊ ဒေါက်တာသန္တာကျော်(ရွှေကျင်ဆေးရုံ)၊ ဦးမောင်မောင်ကျော်-ဒေါက်တာသူဇာသင်း(ရန်ကုန်ဆေးရုံကြီး)၊ ဦးဝင်းကျော်မိုး (MAI) - ဒေါ်မိမိကျော်(MCB)၊ ဦးအေးလွင်ဦး၊ ဒေါ်ရီရီစိုး(MCB)၊ ဒေါက်တာကျော်မြင့်(စနဲ-ကျောက်ဖြူ)-ဒေါ်မိမိထွန်း(ကွန်ပျူတာတက္ကသိုလ်)တို့၏ အဘောင်ရှင်၊ မြစ်လေးယောက်တို့၏ အဖီး ဒေါ်မြသည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ဘိုးဘွားရိပ်သာ၊ ရဟန်းဒါယိကာမကြီး

ဒေါ်ခင်သန်းလွင်

B.A, H.G.P

အသက်(၇၀)

(တောင်သာ)

တောင်သာမြို့နေ (ဦးဘိုးထွန်း-ဒေါ်ယုံ)တို့၏ သမီး၊ မန္တလေးမြို့နေ (ဦးမောင်မောင်တော်-ဒေါ်ညွှန့်ညွှန့်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်အေး (B.Sc Engg. Mining၊ သတက- ၂၊ ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးသက်လွင်ဦး(ကြယ်ငါးပွင့်)-ဒေါ်ထွေးထွေးဝင်း၊ ဦးအေးလွင်လတ်-ဒေါက်တာဒေါ်ခင်စန္ဒာဝင်း(ရောဂါဗေဒဌာန၊ ဆေးတက္ကသိုလ်-၂)၊ ဦးသိန်းလွင်ဌေး(သိန်းမိတ္တူ)-ဒေါ်သန်းသန်းဝင်း၊ ဦးမင်းကြည် (Sun Rise Co)-ဒေါ်ခင်သီတာအေးတို့၏ချစ်လှစွာသော မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်ခင်သန်းလွင်သည် ၂၇-၁၁-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အမှတ်(၃၀/က)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးအေးကြူ

B.A,D.E.P,D.A

အသက်(၆၀)

ဒုတိယညွှန်ကြားရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန (ခရမ်း)

ရန်ကုန်တိုင်း၊ ခရမ်းမြို့နေ (ဦးဘအောင်-ဒေါ်ခင်နု)တို့၏ သား၊ သန်လျင်မြို့နေ (ဦးရိုန်းမောင်-ဒေါ်ခင်မြင့်)တို့၏ သားသမက်၊ ဦးသိန်းမြင့်-ဒေါ်မြမြမိုးတို့၏အစ်ကို၊ သန်လျင်မြို့၊အမှတ်(၂၈)၊ နွယ်နီလမ်း၊ အောင်သုခ၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဒေါ်နီနီရိုန်း၏ ချစ်လှစွာသောခင်ပွန်း၊ မနန်းအိမ်စည် (ပညာရေး တက္ကသိုလ်)၊မောင်ရွှေလမင်း (တံယံ Video)၊ မရွှေဦးခင်(ပနစ်-ပထဝီဝင်)တို့၏ ချစ်လှစွာသောမွေးသဖခင်သည် ၂၆-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) နံနက် ၈:၅၅နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးပါစီ(ခ)ဦးအောင်သန်း

အသက်(၆၉)နှစ်

ကွင်းကောက်ယောဂီ

(ဦးကျော်ငြိမ်း - ဒေါ်သိန်း) တို့၏ သား၊ (ဦးနောက်တိုး-ဒေါ်ခင်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ဘူတာ၊ မီးရထားဝင်းနေ ဒေါ်မြစိန်၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ကြူကြူသန်း၊ ဦးကျော်ဇင်(MPF)-ဒေါ်အေးအေးသန်း၊ ဦးသန်းစိုး(မြန်မာ့ဆိပ်ကမ်း)-ဒေါ်စုစုသန်း၊ ဦးခင်မောင်သန်း(ခ) ဦးခင်မောင်ညွှန့် (မြန်မာ့မီးရထား)-ဒေါ်ခင်သီတာဝင်း(ဆလရ၊ ရုံးချုပ်)၊ (ဗိုလ်ကြီးစိုးဝင်းလတ်)-ဒေါ်ခင်ခင်ဝင်း၊ ဦးတင်မောင်သန်း-ဒေါ်မာမာဦး၊ ဦးသန်းတင်၊ တပ်ကြပ်ဟန်လင်းထူး-ဒေါ်ချိုချိုသန်း၊ ဦးကျော်စိုး(မြန်မာ့မီးရထား)တို့၏ မွေးသဖခင်၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၂၆-၁၁-၂၀၀၃ရက် နံနက် ၈:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ငြိမ်းရီ(ခ)အိုက်ဝှာ

အသက်(၆၂)နှစ်

(တောင်ကြီး)

တောင်ကြီးမြို့နေ (ဦးခေါစံ-ဒေါ်ကျင်မြိုင်)တို့၏သမီး၊ နမ့်ခမ်းမြို့နေ (ဦးရွက်ဟိန်း)-ဒေါ်နန်းစံတို့၏ သမီးချွေးမ၊ ဦးလင်ဘိဝမ်-ဒေါ်လှရီ၊ (ဦးတင်ထွန်း)၊ ဦးလှရွှေ-ဒေါ်အေးအေးခိုင်တို့၏ ညီမ၊ ဦးတူး-မဝါ၊ ဒေါ်ရှုဝါ၊ ဦးနေဝင်းစိန်-ဒေါ်ရင်ရင်လှ၊ ဦးအန်းနီ-ဒေါ်ခင်မာဖြူ၊ ဦးသိန်းရွှေ၊ ဦးလေးရွှေ-ဒေါ်ဥမ္မာတို့၏ အစ်မ၊ ဒုရဲမှူး(ဦးစိုင်းထွန်းတင်)၏ ဇနီး၊ တောင်ကြီးမြို့၊ အမှတ်(လ-၁၁၁)၊တက်ခေတ်လမ်းကြား၊လမ်းမတော်ရပ်ကွက်နေ ဦးလျှိုတယ်ကျုံး-နန်းတင်ထွေး၊ ဦးယဉ်ကျော့မိုး(စစစ)-နန်းခင်ထွေး(ဒုရဲအုပ်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး)၊ ဦးဝင်းလှိုင်ထွန်း-နန်းရီထွေး၊ ဦးစိုင်းထွန်းငြိမ်း-ဒေါ်ချိုချို၊ ဦးစစ်နိုင်-နန်းငြိမ်းထွေး၊ နန်းအေးအေးသန့်၊ နန်းအေးရှင်၊ နန်းမြင့်အေး၊ စိုးနိုင်ဦးတို့၏ မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဒေါ်ငြိမ်းရီ(ခ)အိုက်ဝှာသည် ၂၆-၁၁-၂၀၀၃ (ဗုဒ္ဓဟူးနေ့) ည ၉:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ တောင်ကြီးမြို့၊ မုံတဝဂူဟုန့်ကျန့်သချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားပါသည်။ ကျန်ရစ်သူမိသားစု။

မဇာခြည်လင်း(ခ)
မစိုးဇာခြည်လင်း (၁၉)နှစ်

ဒုတိယနှစ်

သဃ်န်းကျွန်းပညာရေးကောလိပ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ အထက(၁) အလုံကျောင်းဝင်းနှင့် ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၄၂)နေ ဆရာဦးအေးမောင်(လယ်ပြ၊ အထက-၁၊ အလုံ)-ဒေါ်ခင်ကြည်(အမက-၄၊ ကြည့်မြင်တိုင်)တို့၏သမီး၊ မောင်ဇော်ဝင်းထွန်း (BBA၊ 1997၊ စီးပွားရေးတက္ကသိုလ်၊ E.G.T.I-E.C၊ အင်းစိန်၊ B.Tech-EC၊ မော်ဘီ)၏ ညီမ မဇာခြည်လင်းသည် ၂၇-၁၁-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၇:၅၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက-၁၊ အလုံကျောင်းဝင်းနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တ ကေတုမာလာမဟာထေရ်

သိက္ခာတော်(၅၃)ဝါ၊ သက်တော်(၇၇)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံမြို့နယ်၊ ကျုံကြဒွန်းစံပြကျေးရွာ၊ မဟာသဒ္ဓမ္မဇောတိကာရာမ၊ ပုသိမ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက သံဃသမ္မုတိရသံဃကိုယ်စားလှယ်၊ ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဝင်ဟောင်း ကျုံကြဒွန်းစံပြကျေးရွာ၊ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဘဒ္ဒန္တ ကေတုမာလာ ဆရာတော်ကြီးသည် (၁၃၆၅ခု၊ သီတင်းကျွတ်လပြည့်နေ့) မွန်းလွဲ ၁၂:၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီး ဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၅ခု၊ နတ်တော်လဆန်း ၁၂ရက်)တွင် အန္တိမအဂ္ဂိဈာပနပူဇာသဘင်ကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

(နတ်တော်လဆန်း ၁၀၊ ၁၁ရက် နံနက်တွင် ဖျာပုံသင်္ဘောဆိပ်၌ ကားများစီစဉ်ထားပါသည်။) ဈာပနကော်မတီ။

အန္တိမအဂ္ဂိဈာပနပူဇာသဘင်

ဘဒ္ဒန္တ ကုဏ္ဍက

နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ(မွှောစရိယ)

သိက္ခာတော်(၅၂)ဝါ၊ သက်တော်(၇၂)နှစ်

ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ မဟာဗောဓိစာသင်တိုက်၏ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ကုဏ္ဍက မဟာထေရ်သည် (၁၃၆၅ခုနှစ်၊ ဝါဆိုလ ဆန်း၁၂ရက်) ၁၀-၇-၂၀၀၃ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို (၁၃၆၅ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်)၊ ၁-၂-၂၀၀၄ (တနင်္လာနေ့)တွင် အန္တိမအဂ္ဂိဈာပနသာခုကီဠနပူဇာသဘင်ကို ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ။

ဒေါ်စော(ခ)တန်တွဲဟိုင်

အသက်(၁၀၀)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ အမှတ်(၆၆)နေ [ဦးထုံ(ခ)ချင်ခံထုန်]၏ ဇနီး၊ ဦးထွန်းမြင့်-ဒေါ်ခင်၊ ဦးရွှေဝါ-ဒေါ်ခင်ရီ(ခေတ္တ-USA)၊ဦးခင်ဝင်း-(ဒေါ်သင်းသင်းဆွေ)၊ (ဦးကျောက်ကျန်ဝါ)-ဒေါ်တင်မြ၊ ဦးကျော်မြင့်-ဒေါ်ကျင်ပွင့်တို့၏မွေးသမိခင်၊ မြေး ၂၂ယောက်နှင့် မြစ်၁၂ယောက်တို့၏အဘွားဒေါ်စော(ခ) တန်တွဲဟိုင်သည် ၂၆-၁၁-၂၀၀၃(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂:၂၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၁၁-၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးကောင်းတံတရုတ်သုသာန်သို့ ပို့ဆောင်မြေမြှုပ်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်အေးကြည် (၇၈)နှစ်

(တာမွေ)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်တင်ညွှန့်)တို့၏ သမီး၊ (ဦးချစ်ခင်)-ဒေါ်ရင်နု၊ ဦးဝင်းမောင်-(ဒေါ်အေးရီ)တို့၏အစ်မ၊ ရန်ကုန်တိုင်း၊ဗဟန်းမြို့နယ်၊ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ကျော်ဇောလမ်း၊ အမှတ်(၁၈)နေ ဦးစိုးဝင်း၊ ဒေါ်တင်တင်အေးတို့၏မိခင်၊ မထိုက်ထိုက်စိုး၊ မောင်ဖြိုးဝေစိုး၊ မောင်ဇာနည်စိုးတို့၏အဘွား၊ တူ၊တူမကိုးယောက်တို့၏အဒေါ် ဒေါ်အေးကြည်သည် ၂၆-၁၁-၂၀၀၃ရက် ည ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးအောင်မြင့်စိုး(ခ)
ဦးအောင်မြင့် (၅၉)နှစ်

အခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ တောင်တွင်းကြီးမြို့

(ညောင်တုန်း/ဖျာပုံ)

ရန်ကုန်မြို့၊ ဗဟန်းပါဠိတက္ကသိုလ်၊ ညောင်တုန်းကျောင်းတိုက်ကျောင်းဒါယကာကြီး (ဦးဘိုးသိန်း-ဒေါ်အို)တို့၏ မြေး၊ ရန်ကုန်မြို့၊ အမှတ်(၃၂)၊ ၃လွှာ၊ သတိပဋ္ဌာန်လမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်နေ (ဒေါ်စိန်ပုံ)တို့၏ သားကြီး၊ (ဦးကျော်မြင့်၊အငြိမ်းစားကျောင်းဆရာ၊ ကျိုင်းတုံ)-ဒေါ်မြင့်မြင့်စိန်(ဆေးနှင့် ဆေးကိရိယာရောင်းဝယ်ရေး၊ ငြိမ်း)တို့၏ အစ်ကိုကြီး၊ မောင်ဇော်ကျော်ကျော် (SR. Deck Cadet)၊မအိကျော်ကျော် (German Speaking Tour Guide)တို့၏ ဘကြီးသည် ဗဟိုစည်အထူးကုဆေးခန်း၌ ၂၆-၁၁-၂၀၀၃ ရက် နံနက် ၃:၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်လေး

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထူပါရုံ(၁၇)လမ်းအနောက်၊ အမှတ်(၇၈၆)နေ (ဦးကျော်မြင့်)၏ ဇနီး၊ ဦးမောင်မောင်ဌေး-ဒေါ်ရီရီနွယ်၊ ဒေါ်ကြည်ကြည်မြင့်-ဦးအောင်မြင့်၊ ဒေါ်ရီရီမြင့်-ဦးကျော်သောင်း၊ ဦးကျော်စိန်ဝင်း-ဒေါ်ရင်မြ၊ ဦးမောင်မောင်လေး - ဒေါ်ခင်စန်းဝေ၊ ဒေါ်လှလှမြင့်-ဦးခင်မောင်ဝင်း၊ ဒေါ်သန်းသန်းမြင့်-ဦးအောင်မြင့်ဝင်းတို့၏ မိခင်၊ မြေး ၁၅ယောက်၊ မြစ် သုံးယောက်တို့၏ အဘွားသည် ၂၇-၁၁-၂၀၀၃ (ကြာသပတေးနေ့) နံနက် ၃:၁၅နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၉-၁၁-၂၀၀၃ (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(သာကေတမြို့နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ ကျောင်း၊ရဟန်းဒါယိကာမကြီး

ဒေါ်ကြည်ညွှန့် (၈၂)နှစ်

(မြိတ်)

မြိတ်မြို့၊ ဈေးတန်းရပ်၊ လှည်းထိန်စုလမ်း၊ အမှတ်(၈၈)နေ (ဦးသိန်းအောင်-ဒေါ်ထားမေ)တို့၏ သမီး၊ ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ ရွှေလောင်းလမ်း၊ အမှတ်(၂၃)နေ (ဦးကျော်သိန်း)၏ ဇနီး၊ ဦးမောင်မောင်တိတ်-ဒေါ်ခင်အေးမြင့်၊ ဦးမျိုးသန့်-ဒေါ်ခင်ခင်အေး၊ (ဦးသန်းဌေး)-ဒေါ်ခင်အေးလွင်၊ ဒေါ်ရီရီဌေး၊ ဦးအောင်သန်း-ဒေါ်အင်မူ၊ ဦးမျိုးအောင်-ဒေါ်မြင့်ပို၊ ဦးသန်းဝင်း-ဒေါ်နီလာအေး၊ ဦးမျိုးညွှန့်-ဒေါ်ဥမ္မာမြင့်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်၊ မြစ်သုံးယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၂၆-၁၁-၂၀၀၃ ရက် မွန်းလွဲ ၁၂:၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁၁-၂၀၀၃ရက် ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၁:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်မေဆန်းမော် (၅၆)နှစ်

(လယ်ဝေး)

လယ်ဝေးမြို့နေ (ဦးဘိုးယု-ဒေါ်ကျုပ်မေ)တို့၏ မြေး၊ (ဦးလှမောင်-ဒေါ်ခင်မေ)တို့၏ သမီး၊ ဦးဟန်(လဝက၊ ဦးစီးမှူး၊ ငြိမ်း)၏ ဇနီး၊ ဒေါ်ခင်သန်းမြင့်၊ ဦးကိုကြီး၊ (ဦးထွန်းရီ)-ဒေါ်ခင်စန်းဝါတို့၏ ညီမ၊ ဦးစိုးမြင့်မောင်(လဝက)၊ မောင်စိုးတင့်မောင်၊ မမြင့်မြင့်နွယ်၊ (မောင်မြတ်မိုးမောင်)တို့၏ အစ်မ၊ မောင်ဝင်းနိုင်စိုး(လဝက)၊ မောင်ကျော်ဖြိုးဟန်တို့၏ မွေးသမိခင် ဒေါ်မေဆန်းမော်သည် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ အမှတ်(၄၆/E)၊ ခေမာလမ်းနေ ဒေါ်ကြူကြူဖေ၏ နေအိမ်တွင် ၂၆-၁၁-၂၀၀၃ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈-၁၁-၂၀၀၃ရက် မွန်းလွဲ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ-ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မော်ရီတေးနီးယားအစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံသို့ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　နိုဝင်ဘာ　၂၈

၂၀၀၃ခုနှစ် နိုဝင်ဘာ ၂၈ရက်တွင် ကျရောက်သော မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်- နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ မော်ရီတေးနီးယား အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အက်စ်ဂဲယားအုလ်(ဒ်)အမ်ဘာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဗိုလ်ချုပ်ကြီးသူရရွှေမန်း

ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး ခေါင်းဆောင်သည့်အဖွဲ့အား ပို့ဆောင်နှုတ်ဆက်

ရန်ကုန်　နိုဝင်ဘာ　၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တပ်မတော်ဧည့်ဂေဟာသို့ သွားရောက်၍ ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး General Thammarak Isaranguraခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက ဧည့်သည်တော် ထိုင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးအား ရန်ကုန်မြို့ ခရီးစဉ်ဓာတ်ပုံ အယ်လ်ဘမ်နှင့် မှတ်တမ်းတင် ဗီဒီယိုတိပ်ခွေတို့ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ပုဂံ-ညောင်ဦးမြို့နှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် အထူးလေယာဉ်ဖြင့် ထွက်ခွာသွားသော ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား နံနက် ၇နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

ပို့ဆောင်နှုတ်ဆက်

ထိုသို့ပို့ဆောင်နှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးခင်မောင်ဝင်း၊ သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Oum Maolanonနှင့် တာဝန်ရှိသူများလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီးခေါင်းဆောင်သည့် အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးကြီး ကိုကိုမောင်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံစစ်သံမှူး Col. Kasam Nakpun နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း ပုဂံ-ညောင်ဦးမြို့နှင့် မန္တလေးမြို့များသို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ထွက်ခွာသွားသည့် ဧည့်သည်တော် ထိုင်းနိုင်ငံကာကွယ်ရေးဝန်ကြီး General Thammarak Isarangura ခေါင်းဆောင်သည့် အဖွဲ့ဝင်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး တွင်းငယ်-မိုးမိတ် လမ်းဖောက်လုပ်ငန်းနှင့် ရွှေစမ်းသပ်တူးဖော်ခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန်　နိုဝင်ဘာ　၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိများလိုက်ပါလျက် နိုဝင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာရာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နံနက် ၈နာရီခွဲတွင် ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးအား ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တပ်မတော်အရာရှိကြီးများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တပ်မတော်အရာရှိကြီးများလိုက်ပါလျက် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ မန္တလေး-သပိတ်ကျင်း-မိုးကုတ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ မွန်းလွဲ ၁၂နာရီ မိနစ် ၂၀ တွင် တွင်းငယ်-မိုးမိတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း၏ သပိတ်ကျင်းမြို့နယ် တွင်းငယ်ကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)ရိပ်သာစခန်းသို့ ရောက်ရှိကြသည်။

ရှင်းလင်းတင်ပြ

ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် အဖွဲ့ဝင်များအား လမ်းဖောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၄)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်နှင့် အဖွဲ့ဝင်များက ကြိုဆိုကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းမောင်က တွင်းငယ်-မိုးမိတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် တောရှင်းခြင်း၊ တာပေါင်ဖို့ခြင်းနှင့် ကျောက်ရော မြေခင်းကြိတ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊ လမ်းပိုင်းရှိ သစ်သားတံတားများ တည်ဆောက်မည့်အခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက တွင်းငယ်-မိုးမိတ် လမ်းကို သတ်မှတ်ထားသည့် အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရေး၊ လမ်းဘေးရေနုတ်မြောင်းများကို အရှည်တည်တံ့ရေးအတွက် ရေစီးရေလာ ကောင်းမွန်အောင် ဖောက်လုပ်ရေး၊ လမ်းကူးမြောင်းနှင့် တံတားများဆောက်လုပ်မည့် နေရာကြိုတင်စီမံ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တွင်းငယ်-မိုးမိတ် လမ်းတစ်လျှောက် လမ်းအခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ်(၁၁)အနီး၌ ပေ ၄၀အကျယ် တာပေါင်ဖို့ မြေညှိခြင်းလုပ်ငန်းကို စက်ယန္တရားကြီး

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●